# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၀၄၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) ရန်ကုန်မြို့၌ (၃၆) ကြိမ်မြောက်နှင့် (၃၇)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၉**

အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မြို့တွင် (၃၆) ကြိမ်မြောက်နှင့် (၃၇) ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုများကို နိုဝင်ဘာ ၇ ရက်နှင့် ၈ ရက်တို့၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၃၆)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုကို မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်မှ အသက် (၄၉) နှစ်ရှိ အသည်းရောဂါလူနာအမျိုးသားနှင့် အသည်းအလှူရှင် မောင်နှမဝမ်းကွဲတော်စပ်သူ အသက် (၄၃)နှစ်ရှိ အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူမှုကို နိုဝင်ဘာ ၇ ရက် နံနက် ၇ နာရီ ၁၅ မိနစ်မှ စတင်ဆောင်ရွက်ခဲ့ကာ

*စာမျက်နှာ ၃ ကော်လံ ၁* ✳

# စစ်ကိုင်းတိုင်းဒေသကြီး၌ ယခုနှစ် မိုးသီးနှံ နှမ်း ၃၉၉၂၈၇ ဧက ရိတ်သိမ်းပြီးစီး

**မုံရွာ နိုဝင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ခရိုင် ၁၄ ခရိုင်ရှိသည့်အနက် ခရိုင် ၁၀ ခရိုင်၌ ယခုနှစ် မိုးသီးနှံနှမ်း ၄၃၃၈၅၆ ဧက လျာထားစိုက်ပျိုးခဲ့ရာ ယခုအခါ ၃၉၉၂၈၇ ဧက ရိတ်သိမ်းပြီးစီးကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးနှမ်းများစိုက်ပျိုးရာတွင် နှမ်းမျိုးများဖြစ်သည့် ဆင်းရတနာ-၂၊ ၃၊ ၄၊ ၈၁၁၄၊ ရိုးစိမ်း၊ ရှပ်ကလေး၊ စမုန်နက်၊ နှမ်းနီ၊ သိပ္ပံနှမ်းနက်၊ သာဒွန်းဖြူ၊ ဒေသမျိုး နှမ်းမျိုးများကို အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးတို့အတွက် စံကွက်များ၊ စမ်းသပ်ကွက်များကို စိုက်ပျိုးထားရှိပြီး တောင်သူလယ်သမားများ မိုးနှမ်းစိုက်ပျိုးရာသီတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သော

*စာမျက်နှာ ၃ ကော်လံ ၁* ○



**ယနေ့ ဖတ် စ ရာ**

## ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့်ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ အချိန်မီကျောင်းအပ်နှံရေး ကြေညာချက်

ပြည်တွင်းသတင်း | စာ ၂



## အားကစားအသိဉာဏ် PI မှတစ်ဆင့် ကာယဉာဏ ကျန်းမာဖွံ့ဖြိုးမှုအရပ်ရပ်ဆီ

ဆောင်းပါး | စာ ၁၀



## အစိမ်းရောင်မြို့တော် ဘားအံမြေဆီ သွားလည်မယ်

ရွှေနိုင်ငံမြင်ကွင်းကျယ် | စာ ၁၈

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၁၉ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဆင်သေချောင်းပေါ်ရှိဥယျာဉ်တံတား အဝင်ရေလမ်းကောင်းမွန်ရေး ဆောင်ရွက်ထားမှုနှင့် နဝင်းချောင်းရေလမ်းကြောင်းဖြော့်ခြင်းနှင့် ကမ်းထိန်းနံရံတည်ဆောက်နေမှုကြည့်ရှုစစ်ဆေး





**နေပြည်တော် နိုဝင်ဘာ ၉**
နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေအတွင်း ဆင်သေချောင်းပေါ်ရှိ ဥယျာဉ်တံတားအဝင် ရေလမ်းကောင်းမွန်ရေး အရေးပေါ်ယာယီကာကွယ်ရေး လုပ်ငန်းများဖြစ်သော သောင်တူးလုပ်ငန်းနှင့် မျောရေကာတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ထားမှုကို သွားရောက်ကြည့်ရှု စစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး လမ်းမကြီး မိုင်တိုင်အမှတ် ၂၄၅/၇ နေရာရှိ နဝင်းချောင်းရေကြီးရေလျှံမှုလျှော့ချရေး ရေလမ်းကြောင်းဖြော့်ခြင်း လုပ်ငန်း၊ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းနှင့် ကမ်းထိန်းနံရံတည်ဆောက်ခြင်း လုပ်ငန်းများ၊ ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာအုပ်စု အင်းသာကျေးရွာ ဆင်သေချောင်း ရေတိုက်စားကမ်းပြိုမှု ကာကွယ်ရေး လုပ်ငန်းအတွက် နှစ်အလိုက်မြေထိန်းနံရံ တည်ဆောက်ထားမှု၊ ကွန်ကရစ်ဆူးတောင်များ ချထားဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ရေးဆွဲထားသောလုပ်ငန်းအချိန်ဇယား (Work Plan) အတိုင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ရန်၊ အရည်အသွေးစံချိန်စံညွှန်း ပြည့်မီရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

***ရှေ့ဖုံးမှ**

နံနက် ၁၁နာရီ ၄၅ မိနစ်တွင် အသည်းလက်ခံသူ လူနာထံသို့ အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ညနေ ၅ နာရီ ၄၅ မိနစ်တွင်ခွဲစိတ်ကုသမှုပြီးစီးပြီး စုစုပေါင်းခွဲစိတ်ချိန် ၁၀ နာရီ ခွဲကြာမြင့်ခဲ့သည်။

(၃၇)ကြိမ်မြောက် အသည်းအစားထိုးခွဲစိတ်ကုသမှုကို ချင်းပြည်နယ် ဟားခါးမြို့နယ်မှ အသည်းရောဂါလူနာ အသက်(၆၀)ရှိ အမျိုးသမီးနှင့် အသည်းအလှူရှင်သမီးတော်စပ်သူ အသက် (၂၅)နှစ်ရှိ အမျိုးသမီးတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်ပြီး အသည်းအလှူရှင်ထံမှ အသည်းထုတ်ယူမှုကို နိုဝင်ဘာ ၈ ရက် နံနက် ၈နာရီ ၅၅ မိနစ်မှ စတင်ဆောင်ရွက်ခဲ့ကာ မွန်းလွဲ ၁၂ နာရီ ၃၄ မိနစ်တွင် အသည်းလက်ခံသူ လူနာထံသို့ အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ညနေ ၄ နာရီ ၂၅ မိနစ်တွင် ခွဲစိတ်ကုသမှုပြီးစီးပြီး စုစုပေါင်းခွဲစိတ်ချိန် ခုနစ်နာရီခွဲကြာမြင့်ခဲ့သည်။

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ပြည်သူ့ဆေးရုံကြီးများတွင် အသည်းအစားထိုး ခွဲစိတ်မှု အောင်မြင်စွာပြန်လည် ဆောင်ရွက်နိုင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်သန်းထွန်း ဦးဆောင်သောအဖွဲ့၊ ပါမောက္ခ၊ ဌာနမှူး ပါမောက္ခဒေါက်တာ စိုင်းအောင်ညွှန့်ဦး ဦးဆောင်သော အသည်းခွဲစိတ်ကုသမှုဆိုင်ရာ လုပ်ငန်းအဖွဲ့နှင့် တောင်ကိုးရီးယားနိုင်ငံ Seoul National University Hospital မှ Professor Kwang Woong Lee ဦးဆောင်သောအဖွဲ့၊ ပါမောက္ခ၊ ဌာနမှူး ပါမောက္ခဒေါက်တာ ဝင်းဝင်းဆွေ ဦးဆောင်သော အသည်းဆေးကုသမှု ဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခ၊ ဌာနမှူး ပါမောက္ခ ဒေါက်တာမူမူနိုင် ဦးဆောင်သော မေ့ဆေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ပါမောက္ခ၊ ဌာနမှူး ပါမောက္ခ ဒေါက်တာဝင်းဝင်းကျော် ဦးဆောင်သော နှလုံးနှင့်သွေးကြောခွဲစိတ်မှုဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ခာတ်ခွဲ) ဒေါက်တာဆွေဆက် ဦးဆောင်သော ရောဂါရှာဖွေရေးဆိုင်ရာလုပ်ငန်းအဖွဲ့၊ ပါမောက္ခ၊ ဌာနမှူး ပါမောက္ခဒေါက်တာ အောင်ချိုထွန်း ဦးဆောင်သော ခာတ်မှန်ပညာဆိုင်ရာ လုပ်ငန်းအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဒေါက်တာသီတာအောင် ဦးဆောင်သော သွေးနှင့်သွေးပစ္စည်းဆိုင်ရာ အထောက်အကူပြု လုပ်ငန်းအဖွဲ့၊ ပါမောက္ခ/ဌာနမှူး (အသည်းခွဲစိတ်) (ငြိမ်း) ပါမောက္ခ ဒေါက်တာတင်တင်မာ၊ ပါမောက္ခ၊ ဌာနမှူး(မေ့ဆေး)(ငြိမ်း) ပါမောက္ခ ဒေါက်တာ ကြည်ကြည်စန်း၊ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)ရန်ကုန်မြို့မှ ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်လင်းအေး၊ တွဲဖက်ပါမောက္ခ (မေ့ဆေး) ဒေါက်တာ မောင်မောင်ဆွေ၊ ပါမောက္ခဒေါက်တာ သဇင်သန်း (ခာတ်မှန်)၊ ဒေါက်တာယဉ်မူယာ၊ အထူးကုဆရာဝန်ကြီး(ခာတ်ခွဲ) နှင့် ဆရာဝန်များ၊ သူနာပြုအုပ်များဖြစ်သော ဒေါ်စန်းစန်းရင်နှင့် ဒေါ်ပိုပိုအောင်၊ ကျွမ်းကျင်သူနာပြုဆရာမကြီးများဖြစ်သော ဒေါ်ကေသီနွယ်နှင့် ဒေါ်ယုယုလင်း ဦးဆောင်သော သူနာပြုများအဖွဲ့၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် အထောက်အကူပြုဝန်ထမ်းများ အားလုံးပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။

(၃၆)ကြိမ်မြောက်နှင့် (၃၇) ကြိမ်မြောက် အသည်းအစားထိုး ခွဲစိတ်ကုသမှုဆောင်ရွက်ခဲ့သော လူနာနှင့် အသည်းအလှူရှင်များ အားလုံးခွဲစိတ်ပြီး ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသဌာနတွင်ထားရှိကာ လိုအပ်သောပြုစုကုသမှုများကို ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်သူနာပြုများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုများကို အထွေထွေရောဂါကုဆေးရုံသစ်ကြီး ရန်ကုန်မြို့၌ ၂၀၀၄ ခုနှစ်တွင် (၁)တွဲ၊ ၂၀၀၉ ခုနှစ်တွင် (၁) တွဲ၊ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မြို့၌ ၂၀၁၅ ခုနှစ်တွင် (၁) တွဲ၊ ၂၀၁၆ ခုနှစ်တွင် (၄) တွဲ၊ ၂၀၁၇ ခုနှစ်တွင် (၆) တွဲ၊ ၂၀၁၈ ခုနှစ်တွင် (၁၁) တွဲ၊ ၂၀၁၉ ခုနှစ်တွင် (၁၀) တွဲ၊ ၂၀၂၃ ခုနှစ်တွင် (၁)တွဲ စုစုပေါင်း (၃၅) တွဲကို ခွဲစိတ်ကုသမှုဆောင်ရွက်ပြီးဖြစ်သည်။

**သတင်းစဉ်**

***❍ ရှေ့ဖုံးမှ***

စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ၊ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကူညီထောက်ပံ့ခြင်းများကို တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်ညွှန်ကြားမှုဖြင့် သက်ဆိုင်ရာခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကူညီထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပိုးမွှားရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာနည်းလမ်းများကို သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ မိုးနှမ်းများကို တိုင်းဒေသကြီးအတွင်းရှိ မော်လိုက်ခရိုင်တွင် ဧက ၈၀၊ ကလေးခရိုင်တွင် ၄၂၀၈၈ ဧက၊ ခန္တီးခရိုင်တွင် ၁၃၈ ဧက၊ ဟုမ္မလင်းခရိုင်တွင် ၁၀၉ ဧက၊ နာဂဒေသတွင် ၅၃၅ ဧက၊ မုံရွာခရိုင်တွင် ၁၁၁၈၉ ဧက၊ ယင်းမာပင်ခရိုင်တွင် ၁၈၈၄၃၄ ဧက၊ ရွှေဘိုခရိုင်တွင် ၁၄၃၁၅ ဧက၊ ရေဦးခရိုင်တွင် ၃၁၈၂၂ ဧက၊ ကန့်ဘလူခရိုင်တွင် ၁၁ ဧက၊ စစ်ကိုင်းခရိုင်တွင် ၄၃၈၆၈ ဧက၊ ကသာခရိုင်တွင် ၁၂၆၇ ဧက စုစုပေါင်း ၄၃၃၈၅၆ ဧကကို မေလဆန်းမှ စတင်စိုက်ပျိုးနိုင်ခဲ့ပြီး တစ်ဧကပျမ်းမျှအထွက်နှုန်း ၆ ဒသမ ၈၀ ရာခိုင်နှုန်းဖြင့် စုစုပေါင်းမိုးနှမ်းတင်းပေါင်း ၂၇၁၆၅၂၃ ထွက်ရှိကာ ကျန်ရှိမိုးနှမ်းများကို နိုဝင်ဘာလကုန်အထိ ဆက်လက်ရိတ်သိမ်းသွားမည်ဖြစ်ကြောင်းသိရသည်။**ခရိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မသန်စွမ်းအားကစားသမားများနှင့် ဖျော်ဖြေတင်ဆက်ကြမည့် မြန်မာ့ခြင်းလုံးအလှခတ်အဖွဲ့၏ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေး



**ရန်ကုန် နိုဝင်ဘာ ၉**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်၌ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မသန်စွမ်း အားကစားသမားများနှင့် အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ကြမည့် မြန်မာ့ခြင်းလုံး အလှခတ်အဖွဲ့များ ဇာတ်တိုက်လေ့ကျင့်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် အားကစားခန်းမ၌ အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲနှင့် ပိတ်ပွဲတွင် ဖျော်ဖြေတင်ဆက်ကြမည့် မသန်စွမ်း အားကစားသမားများနှင့် နည်းပြများအား နွေးထွေးလိုက်လှဲစွာဖြင့် တစ်ဦးချင်းစီ နှုတ်ဆက်အားပေးစကား ပြောကြားသည်။

**ကြိုးစားယှဉ်ပြိုင်**

ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီးနှင့်ပြည်နယ် ခြောက်ခုမှ မသန်စွမ်းအားကစားသမား ၁၄၂ ဦးနှင့် တွေ့ဆုံပြီး ဝင်ရောက်ယှဉ်ပြိုင်ကြမည့်အားကစားသမားမောင်မယ်များအနေဖြင့် မသန်သော်လည်း စွမ်းကြောင်းဖြင့် စိတ်ဓာတ်နှင့် စွမ်းဆောင်မှုအား ထုတ်ဖော်ပြခွင့် ရရှိမည်ဖြစ်ပါကြောင်း၊ ဘဝကို အရှုံးမပေးဘဲ မသန်သော်လည်း စွမ်းဆောင်နိုင်ကြောင်းကို အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံနှင့် တစ်ကမ္ဘာလုံးက စိတ်ဝင်တစား ကြည့်ရှုနေကြမည့်ပရိသတ်များအား ပြသနိုင်တော့မည်ဖြစ်ပါကြောင်း၊ မသန်စွမ်းအားကစားသမားများအနေဖြင့် ပြိုင်ပွဲတွင် ကြိုးပမ်းအားထုတ်မှုတို့ကို ပြည်သူများက ဂုဏ်ယူစွာဖြင့် ကြည့်ရှုအားပေးနေမည်ဖြစ်၍ ကြိုးစားယှဉ်ပြိုင်မှုမှ မိမိတို့၏စွမ်းရည်ကို အကောင်းဆုံး ပြသနိုင်ပါစေကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ အနုပညာရှင်များနှင့် မသန်စွမ်းအားကစားသမားများ စုပေါင်း၍ 'စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်ရှိနေမယ်' တေးသီချင်းဖြင့် အကတိုက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် အစည်းအဝေးခန်းမသို့ရောက်ရှိရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဒုတိယဗိုလ်မှူးကြီး ဌေးအောင်နှင့် အတွင်းရေးမှူးတို့က အဖွဲ့ချုပ်၏သမိုင်းအကျဉ်း၊ မသန်စွမ်းမှုအမျိုးအစားများ၊ အဖွဲ့ချုပ်၏ရည်ရွယ်ချက်၊ အမျိုးသားအားကစားပွဲတော်တွင် မသန်စွမ်းအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မသန်စွမ်းအားကစားသမားများ စခန်းဝင်လေ့ကျင့်နေမှု၊ အစားအသောက်ကျွေးမွေးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အမျိုးသားအားကစားပွဲတော်ဖွင့်ပွဲနှင့် ပိတ်ပွဲတို့တွင် မသန်စွမ်းအားကစားသမားများ ပါဝင်ဖျော်ဖြေမည့် အစီအစဉ်တွင် စခန်းသွင်းလေ့ကျင့်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြိုင်ပွဲဝင်တိုင်းဒေသကြီးနှင့်ပြည်နယ် ခြောက်ခုမှ မသန်စွမ်းအားကစားသမားများအား ထောက်ပံ့ငွေကျပ်သိန်း ၂၀ ကို ပေးအပ်ရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ် စားရိပ်သာသို့ရောက်ရှိပြီး အာဟာရသုံးဆောင်နေသော အားကစားသမားများအား ရင်းနှီးဖော်ရွေစွာ တွေ့ဆုံအားပေးစကား ပြောကြားရာ အားကစားသမားတို့၏ မျက်ဝန်းတွင် ပြိုင်ပွဲအတွက် ခွန်အားပြည့်ဝသောစိတ်ဓာတ်၊ ဝမ်းသာကြည်နူးမှုနှင့် ပျော်ရွှင်သောစကားသံတို့သည် စားရိပ်သာအတွင်း လွှင့်ပျံ့ခဲ့သည်။

မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ အားကစားအဖွဲ့သည် ပဉ္စမအကြိမ် အမျိုးသားအားကစားပြိုင်ပွဲတွင် အားကစားနည်းလေးမျိုးကို ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ အဆိုပါအားကစားနည်း လေးမျိုးတွင် ပြေးခုန်ပစ်၊ ဘော်လီဘော၊ စစ်တုရင်ပြိုင်ပွဲကို လယ်ဝေးမြို့ အားကစားကွင်းနှင့် ရေကူးအားကစားပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်းတို့တွင် ဒီဇင်ဘာ ၅ ရက်၊ ၆ ရက်နှင့် ၈ ရက်တို့၌ ယှဉ်ပြိုင်သွားမည်ဖြစ်ရာ ပြည်သူအများ မသန်စွမ်း အားကစားသမားများ၏ စွမ်းဆောင်ရည်ကို လာရောက်ကြည့်ရှုအားပေးနိုင်သည့်အပြင် မသန်စွမ်းအားကစားသမားများ လေ့ကျင့်နေစဉ်အတွင်း၌ လာရောက်လှူဒါန်းနိုင်ကြောင်းလည်း သိရသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ရောက်ရှိရာ အမျိုးသားအားကစားပွဲတော်တွင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းတင်ဆက်သည့် "ထိုးကွင်းလေးနှင့် ခြင်းခတ်သူ" ရုပ်ရှင်တေးသီချင်းဖြင့် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ လက်ရွေးစင်အားကစားသမား အမျိုးသား ခြောက်ဦး၊ အမျိုးသမီး နှစ်ဦးနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင် ခြောက်ဦးတို့၏ ဝိုင်းခြင်း၊ အလှခတ်၊ ကြိမ်ကွင်းနှင့် ပုလင်းပဒေသာ စသည့်သရုပ်ပြအလှပြကွက်များကို လည်းကောင်း(ဝဲပုံ)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ အမျိုးသားအားကစားပွဲတွင် နောက်ခံတီးခတ်မည့် မြန်မာ့ဆိုင်းအဖွဲ့၏ တီးမှုတ်မှုတို့ကို လည်းကောင်း ကြည့်ရှုအားပေးသည်။

ထိုသို့ ကြည့်ရှုအားပေးပြီးနောက် ပြည်ထောင်စုဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားသမားများနှင့် ဝန်ကြီးဌာနများမှ အားကစားသမား ၈၀၀၀ အပါအဝင် ရုပ်ရှင်၊ သဘင်၊ ဂီတအဖွဲ့အစည်းများမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံသူနိုင်ငံသားများ အမိနိုင်ငံကို ချစ်မြတ်နိုးစိတ်၊ ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုတို့ကို ပိုမိုခိုင်မာစေမည့်အမျိုးသားအားကစားပွဲတော်ကြီးဖြစ်ပါကြောင်း၊ အမျိုးသား အားကစားပွဲတော်ကို တစ်နိုင်ငံလုံးနှင့် တစ်ကမ္ဘာလုံးသို့ တိုက်ရိုက်ထုတ်လွှင့် ပြသသွားမည်ဖြစ်၍ မြန်မာနိုင်ငံ၏ စည်းလုံးမှု၊ ညီညွတ်မှု၊ နိုင်ငံကိုချစ်မြတ်နိုးမှုနှင့် အားကစားကို တန်ဖိုးထားမှုတို့ကို ပြသနိုင်တော့မည်ဖြစ်ပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၉**

ပညာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကျောင်းကုန်းမြို့နယ် မီးသွေးတိုက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ကညင်သုံးဆင့် အခြေခံပညာ အထက်တန်းကျောင်း၊ ညောင်တုန်းမြို့နယ် ပေစိကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၊ နတ်ပေးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၊ ညောင်တုန်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့ အခြေခံပညာ အထက်တန်းကျောင်း များသို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှု စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး၊ သင်ကြားရေးဆိုင်ရာများနှင့် စီမံမှုဆိုင်ရာများ၊ စာကြည့်တိုက်၊ သိပ္ပံလက်တွေ့ခန်းများ၊ အရည်အသွေးတိုးတက်ကောင်းမွန်စေရေးမှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဆရာဆရာမများနှင့်တွေ့ဆုံ၍ တိုင်းပြည်အနာဂတ်အတွက် ပညာရေးသည် အဓိကလိုအပ်ချက်ဖြစ်ပါကြောင်း၊ ဆရာဆရာမများအနေဖြင့် မိမိတို့ကျောင်းအလိုက် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အောင်ချက်မြင့်မားစေရေးအတွက် ဝိုင်းဝန်းလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အနာဂတ်လူငယ်များ ပညာရည်မြင့်မားရေး၊ အမျိုးသား စရိုက်လက္ခဏာများ ထိန်းသိမ်းရေးနှင့် တိုးတက်ပြောင်းလဲနေသည့်ခေတ်နှင့်အညီ ရင်ပေါင်တန်းနိုင်ရေးအတွက် ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် ပြုစုပျိုးထောင်လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်းမှာကြားကာ ဆရာ ဆရာမများ၏ တင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# တောင်သူနှင့်အတူ ဆီထွက်သီးနှံ မျိုးစေ့ထုတ်လုပ်ရေးနှင့် တန်ဖိုးကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်သည့် "တောင်သူနှင့်အတူ ဆီထွက်သီးနှံ မျိုးစေ့ထုတ်လုပ်ရေးနှင့် တန်ဖိုးကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေး (Farmers' Participatory Seed Production For Oilseeds Crops and Value Chain Development)" အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး ပြည်နယ်အသီးသီးမှ လုပ်ငန်းရှင်များ၊ တောင်သူများက Zoom points ၄၀ မှ Online စနစ်ဖြင့် တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုနှင့် ဆီထုတ်လုပ်မှုတိုးတက်ရေးကို အားပေးမြှင့်တင်ပေးခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်စေရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံစိုက်ပျိုးသူတောင်သူများကို မြေပဲတစ်ဧကလျှင် ကျပ် သုံးသိန်း၊ နေကြာတစ်ဧကလျှင် ကျပ် နှစ်သိန်းနှင့် နှမ်းတစ်ဧကလျှင် ကျပ် ၁ ဒသမ ၅ သိန်းနှင့်ညီမျှသောသွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် စားသုံးဆီထုတ်လုပ်ရန်အတွက် ၂၀၂၄-၂၀၂၅ ခုနှစ်၌ မြေပဲ၊ နှမ်း၊ နေကြာ၊ ဆီမုန်ညင်း၊ ပန်းနှမ်း စသည့်ဆီထွက်သီးနှံစိုက်ဧက ၈ ဒသမ ၃၉ သန်းလျာထားပြီး စုစုပေါင်းတင်း ၂၄၅ ဒသမ ၁ သန်း ထွက်ရှိရန် ခန့်မှန်းထားရှိပါကြောင်း။

တစ်ဖက်တွင်လည်း ထွက်ရှိလာသောဆီထွက်သီးနှံကုန်ကြမ်းများကို ကြိတ်ခွဲနိုင်ရေး စီမံဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၄ ခုနှစ်တွင် စက်မှုဝန်ကြီးဌာန၌ မှတ်ပုံတင်ထားသော ဆီစက်ပေါင်း ၂၂၈၇ လုံးခန့်ရှိသည်ဟု သိရှိရပါကြောင်း၊ အဆိုပါဆီစက်များ၏ ကြိတ်ခွဲနိုင်မှုစွမ်းအားသည် တစ်နှစ်လျှင် တန်ချိန် နှစ်သိန်းကျော်ရှိသဖြင့် ကုန်ကြမ်းများရရှိအောင် စိုက်ပျိုးထုတ်လုပ်ပေးရန် လိုအပ်သကဲ့သို့ ဆီစက်များ၏ အရည်အသွေးကောင်းမွန်ရန်လည်း အရေးကြီးပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာဌာနပညာရှင်များက ဆီထွက်သီးနှံ မျိုးစေ့ထုတ်လုပ်ရေးတွင် ကြုံတွေ့ရသောအခက်အခဲများနှင့် ဆောင်ရွက်ရမည့်အချက်များ၊ ဆီထွက်သီးနှံစိုက်ပျိုး ထုတ်လုပ်မှုကွင်းဆက်ကို လေ့လာသုံးသပ်ခြင်း၊ တောင်သူများ၏ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်လိုသော သဘောထားကို လေ့လာဆန်းစစ်ခြင်း၊ ဆီထွက်သီးနှံများ၏ အရည်အသွေးသတ်မှတ်ချက်များ၊ ပြည်တွင်း၊ ပြည်ပတင်ပို့ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့် အရည်အသွေးသတ်မှတ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆီထွက်သီးနှံများ ပြည်ပတင်ပို့မှုနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပြီး မကွေးတိုင်းဒေသကြီး တောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ ကိုယ်စားလှယ်က ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် တွေ့ကြုံနေရသည့်အခက်အခဲများကို ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ စားပွဲဝိုင်းဆွေးနွေးခြင်းအစီအစဉ်တွင် ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး၊ ဆီထွက်သီးနှံများ ဝယ်ယူရေး၊ ကြိတ်ခွဲရေးနှင့် ဆီစက်လုပ်ငန်းဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေး (Contract Farming) အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ ပြည်တွင်း၊ ပြည်ပဈေးကွက်နှင့် ကိုက်ညီမှုရှိစေမည့်အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီအောင်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က စားပွဲဝိုင်းရလဒ်များအပေါ် အကြံပြုဆွေးနွေးပြီး အလုပ်ရုံဆွေးနွေးပွဲ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတွင် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားနိုင်ခြေများကို STEPs နည်းလမ်းဖြင့် လေ့လာခြင်း၊ သုတေသနဆောင်ရွက်ခြင်း၊ စစ်တမ်းကောက်ယူခြင်းဆိုင်ရာ အသိပေးဆွေးနွေးပွဲကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံတွင် မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားနိုင်ခြေများကို STEPs နည်းလမ်းဖြင့် လေ့လာခြင်း၊ သုတေသနဆောင်ရွက်ခြင်း၊ စစ်တမ်းကောက်ယူခြင်းဆိုင်ရာ အသိပေးဆွေးနွေးပွဲ အခမ်းအနားကို မော်လမြိုင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၈ ရက်က ကျင်းပသည်။



အဆိုပါ အစည်းအဝေးသို့ ဒုတိယ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (စီမံ/ဘဏ္ဍာ) ဒေါက်တာဝတ်မှုံ၊ ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ခင်မိုးသွယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီနှင့် စေတနာ့ဝန်ထမ်းများ တက်ရောက်သည်။

အစည်းအဝေးတွင် မွန်ပြည်နယ် ဒုတိယပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး (စီမံ/ဘဏ္ဍာ) ဒေါက်တာဝတ်မှုံက ယခုသုတေသနလုပ်ငန်းသည် မကူးစက်ရောဂါ ကာကွယ်ရေးလုပ်ငန်းအတွက် ဆောင်ရွက်ရန် အရေးကြီးကြောင်းနှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများက ပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရရှိနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အဖွဲ့ခေါင်းဆောင် ဒေါက်တာ ကျော်မြတ်ထွန်းက STEPs နည်းလမ်းဖြင့် ဆောင်ရွက်မည့် သုတေသနလုပ်ငန်း၏ ဆောင်ရွက်ရမည့် ရည်ရွယ်ချက် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားပြီး တက်ရောက်လာသူများက အပြန်အလှန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




## အကျိုးပြုအဏုဇီဝပိုးများ လက်တွေ့ရှာဖွေအသုံးပြုခြင်းနှင့် ထိန်းသိမ်းခြင်းသင်တန်းဆင်းပွဲကျင်းပ

**ကျောက်ဆည် နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာန၌ အကျိုးပြုအဏုဇီဝပိုးများ လက်တွေ့ရှာဖွေအသုံးပြုခြင်းနှင့် ထိန်းသိမ်းခြင်းသင်တန်းဆင်းပွဲနှင့် ငါးမြေသြဇာအရည်ထုတ်လုပ်ခြင်း နည်းပညာလွှဲပြောင်းပွဲကို နိုဝင်ဘာ ၈ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဇီဝနည်းပညာသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်(တာဝန်ခံ) ဒေါက်တာအေးအေးခိုင်(ကိုယ်စား) ဒေါက်တာခင်မြတ်လွင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသားသင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ ကျောက်ဆည်မြို့ ဇီဝနည်းပညာသုတေသနဦးစီးဌာနမှ Global Earth Co.,Ltd. အား ငါးမြေသြဇာအရည် ထုတ်လုပ်ခြင်းနည်းပညာစာချုပ်ကို လွှဲပြောင်းပေးအပ်ရာ ကုမ္ပဏီတာဝန်ခံ ဦးကျော်ဇေယျာမိုးက လက်ခံယူပြီး သင်တန်းဖွင့်လှစ်နိုင်ရေး လိုအပ်သောအထောက်အပံ့များ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## သံဖြူဇရပ်မြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်



**သံဖြူဇရပ် နိုဝင်ဘာ ၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ သံဖြူဇရပ်မြို့နယ် အထက(၂)တွင် နိုဝင်ဘာ ၈ ရက်က ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ ထို့သို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးငွေခိုင်၏ ဦးဆောင်မှုဖြင့် ဝန်ထမ်းများက အသက် ၁၀ နှစ် ပြည့် ကျောင်းသားကျောင်းသူ ၉၈ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်အသစ်ပြုလုပ်ပေးခဲ့ကြောင်း၊ ဒေသခံပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်များ လူတိုင်းကိုင်ဆောင်နိုင်ရန်အတွက် မြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာများသို့ကွင်းဆင်းပြီး လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# စက်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး အလေးထားဆောင်ရွက်ပေးရမည်

နေပြည်တော် နိုဝင်ဘာ ၉

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။**(ယာပုံ)



တွေ့ဆုံစဉ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီးဦးစီးဌာနမှူးတို့က စက်မှုလုပ်ငန်းများ၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ စက်မှုဇုန်ဥပဒေပါ ပြဋ္ဌာန်းချက်အရ စက်မှုဇုန်အရွယ်အစား၊ စက်မှုဇုန်အမျိုးအစား၊ စက်မှုဇုန်အဆင့်အတန်း သတ်မှတ်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်း ဆောင်ရွက်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

**စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနမှ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ လျှပ်စစ်ကြောင့် ထိခိုက်ဆုံးရှုံးမှုမရှိစေရေး၊ ဘွိုင်လာများ စွမ်းအားပြည့်အသုံးပြုနိုင်ရေး၊ စက်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကြပ်မတ်စစ်ဆေးလျက်ရှိကြောင်း၊ စက်မှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး အလေးထား ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**စဉ်ဆက်မပြတ်လေ့လာသင်ယူ**

ပြည်တွင်းရှိစက်မှုဇုန်များအား စက်မှုဇုန်အဆင့်အတန်း တစ်ပြေးညီ သတ်မှတ်နိုင်ရေးအတွက် နည်းဥပဒေတွင် မြေအသုံးချမှု အင်္ဂါရပ်များနှင့် ကိုက်ညီခြင်း၊ အကောက်ခွန်ကြီးကြပ်မှု၊ ကုန်လှောင်ရုံစနစ်ပါရှိခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊ အခြေခံအဆောက်အအုံများ ပြည့်စုံစွာပါရှိခြင်း၊ အထူးစီးပွားရေးဇုန်များ၊ အခြားစီးပွားရေးဇုန်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း စသည့်အချက် ငါးချက်ကို အခြေခံ၍ စစ်ဆေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံအချက် ငါးချက်နှင့် ပတ်သက်သည့် အချက်ခွဲများအလိုက် အမှတ်ပေးမှုစနစ်များကို ပြန်လည်ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်၍ တစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်များ မြင့်မားတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် လေ့လာသင်ယူသွားကြရန်နှင့် ပေးအပ်သည့် လုပ်ငန်းတာဝန်များကို အဂတိတရားကင်းကင်းဖြင့် ကျေပွန်စွာထမ်းဆောင်ကြရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုန်အတွင်းရှိ ဒိုးပုံ့အဆင့်မြင့်ဂျုံစက်သို့ ရောက်ရှိပြီး လုပ်ငန်းရှင်၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ကာ စက်ရုံအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်နေမှု လုပ်ငန်းစဉ်ဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# Naypyitaw State Academy တည်ထောင်ခြင်း (၂)နှစ်ပြည့် အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

Naypyitaw State Academy ကို "ပညာရှင်များ မွေးထုတ်ရာ ဦးဆောင်တက္ကသိုလ်" ဖြစ်လာရန် မျှော်မှန်းချက်ဖြင့် မြန်မာနိုင်ငံ၏ မြို့တော် နေပြည်တော်တွင် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၉ ရက်က တည်ထောင်ဖွင့်လှစ်ခဲ့ရာ ယနေ့ဆိုလျှင် နှစ်နှစ်ပြည့်မြောက်ပြီဖြစ်ပြီး စဉ်းစားတွေးခေါ် ဖန်တီးမှုကို အားပေးသော၊ အရည်အသွေးပြည့်ဝသော သင်ကြားသင်ယူလေ့ကျင့်မှုများမှတစ်ဆင့် အသုံးချသုတေသနနှင့် တီထွင်ဆန်းသစ်မှုကို အားပေးသည့် အဆင့်မြင့်ပညာရပ်များကို သင်ယူရာ ထိပ်တန်းတက္ကသိုလ်ဖြစ်လာစေရန် ဦးတည်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

**တက်ရောက်**

Naypyitaw State Academy တည်ထောင်ခြင်း နှစ်နှစ်ပြည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ ဘက်စုံခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။




**ဘက်စုံပညာရပ်များဖြန့်ဝေ**

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က Naypyitaw State Academy ကို စတင်ဖွင့်လှစ်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် မဟာဌာနကြီး လေးခု၊ အထူးပြုဘာသာရပ် ၁၂ ခုတွင် ကျောင်းသား ကျောင်းသူ ၁၂၆ ဦးကို လက်ခံသင်ကြားခဲ့ရာမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မဟာဌာနကြီး ခုနစ်ခု၊ အထူးပြုဘာသာရပ် ၂၀ တွင် ကျောင်းသား ကျောင်းသူ ၁၅၀၀ ခန့်ဖြင့် ဘက်စုံပညာရပ်များ ဖြန့်ဝေရာ ပညာရပ်ဝန်းတစ်ခုအဖြစ် ခိုင်မာစွာ ရပ်တည်နိုင်မည်ဖြစ်ပါကြောင်း၊ Naypyitaw State Academy တွင် အရည်အသွေးရှိသော သင်ကြားသင်ယူမှုကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သင်ကြားရေး အထောက်အကူပြုပစ္စည်းများ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ ကိုယ်ကာယကြံ့ခိုင်မှုပစ္စည်းများ၊ ရည်ညွှန်းစာအုပ်များ၊ Internet Access နှင့် e-library တို့ကို ဖြည့်ဆည်းပေးထားသည့်အပြင် ဘွဲ့နှင်းသဘင်ခန်းမ၊ ကျောင်းသားအိပ်ဆောင်၊ ဝန်ထမ်းအိမ်ရာများကို ဖြည့်ဆည်းတည်ဆောက်လျက်ရှိပါကြောင်း၊ Naypyitaw State Academy ၏ ခန့်ညားထည်ဝါသော ဂုဏ်သတင်းကို အားလုံးထိန်းသိမ်းမြှင့်တင်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် Naypyitaw State Academy ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုလွင်က စာတမ်းဖတ်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး Naypyitaw State Academy ၏ ဆရာ ဆရာမများ၊ ဝန်ထမ်းများကို အမှတ်တရ ကံစမ်းမဲများ ဖောက်ပေးကြသည်။

ယင်းနောက် သုတေသန စာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပပြီး စာတမ်းရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ Naypyitaw State Academy ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးစိုးအောင်က ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဟုမ္မလင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးသစ်ဖွင့်

**ဟုမ္မလင်း နိုဝင်ဘာ ၉**

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၁၆)နှစ်မြောက်နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(စုပေါင်းရုံး)သစ်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၇ ရက်က အဆိုပါ စုပေါင်းရုံး၌ ကျင်းပသည်။



**ဖျော်ဖြေတင်ဆက်**

အခမ်းအနားတွင် ဟုမ္မလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲဝင်းက အမှာစကားပြောကြားပြီး အနောက်မြောက်တိုင်းစစ်ဌာနချုပ် စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ကျော်စွာဝင်း၊ နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး မြတ်မင်းသန့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ခဲ့ကြပြီး ဘင်ခရာ၊ ပန်းဖွားနှင့် ကဗျာလွတ်အဖွဲ့များက ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် အနောက်မြောက်တိုင်းစစ်ဌာနချုပ်စစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ကျော်စွာဝင်းက ဘင်ခရာ၊ ပန်းဖွားနှင့် ကဗျာလွတ်အဖွဲ့များကိုလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို လည်းကောင်း၊ ရွှေမြင့်မိုရ်ပိုင် ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်ထွေးက ဘင်ခရာ၊ ပန်းဖွားနှင့် ကဗျာလွတ်အဖွဲ့များကိုလည်းကောင်း ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် နိုဝင်ဘာ ၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးထစ်ချုန်း၍ နေရာကွက်ကျားမိုးရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ တနင်္သာရီ တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## ရောဝတီဆုတောင်း

* ရောဝတီ၊ ရေကြည်ချမ်းမြ၊
မလိခနှင့်မေခ၊ စတည်စီးခဲ့သည်လည်း၊
နှစ်ချီသန်းပေါင်း၊ ထောင်သောင်းမက ကြာခဲ့လှပေ့ါ။

* သံလွင်ပေါင်းလောင်း၊ စစ်တောင်းကစ၊
ကစ္စပနဒီ၊ ရွှေလီမြစ်ငယ်၊
အသွယ်သွယ်လည်း၊ နှစ်ဝယ် ပရိစ္ဆေဒ၊
စီးဆင်းကြသည်၊ ကြာခဲ့ပြီကော မဟုတ်လော။

* အို… သည်မြေမြန်မာ၊ ဒို့နေရာကို၊
မျိုးနွယ်စုပေါင်း၊ သွေးစက်ပေါင်းတို့၊
သိန်းသောင်းမက၊ မြေခသည့်တိုင်၊
ဒို့နိုင်ငံကို၊ ဒို့သာလုံခြုံ၊
ကာကွယ်ကုန်သည်၊ မဟုတ်တုံလော မဟုတ်လော။

* အို… ကြည့်လေ့အဆွေ၊
ခုနေခါများ၊ ကွဲပြားအချင်းချင်း၊
စစ်ခင်းနေရ၊ ဒုဋ္ဌာဝတီ၊
ရေမကြည်တော့၊ ဇော်ဂျီညစ်နွမ်း၊
သွေးရောင်လွှမ်းလျက်၊ မုန်းမန်းထံတျာ၊
သီနိုင်ပါခဲ့၊ နှစ်လရှည်ကြာ
ဝမ်းနည်းစွာတည့်၊ ရောဝတီ၊
မျက်ရည်စို့စို့ ၊ သွေးစို့စို့နှင့်၊
တောင်းဆိုလျက်ကို၊ ဘယ့်တွက်ထိုစစ်၊ ရပ်မပစ်ဘဲ၊
ချစ်တဲ့ဒို့မြေ၊ ပြည်သူတွေကို၊
များထွေဒုက္ခ၊ ရောက်စေရအောင်၊
မပြုသင့်ကုန်၊ မဟုတ်တုံလော မဟုတ်လော။

* မြစ်ညာရပ်ချေ၊ သင်တို့နေ၍
မြစ်ကြေနေငြား၊ ငါတို့များလျှင်၊
သည်ရေကိုသောက်၊ တောက်လျှောက်အတူ၊
ချစ်ကြည်ဖြူခဲ့၊ ခုမူ ရန်စစ်၊
ဖြစ်ကြီးဖြစ်ကို၊ ရပ်သင့်ပြီကော မဟုတ်လော။

* ရောဝတီ၊ ရေကြည်ချမ်းမြ၊
တောင်းခယသည်
မြန်ပြည်သာကြောင်း သာစေကြောင်း။ ။

ဘဆွေ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် နိုဝင်ဘာ ၉

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ ရောဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ




## ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

ကြေညာချက်

၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၁၀-၁၁-၂၀၂၄ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ Website: https://www. most.gov.mm၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www. dtvet.edu.mm၊ https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

## ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

ကြေညာချက်

၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို (၁၀-၁၁-၂၀၂၄) ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ Website: http://www.most.gov.mm၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

## ဉာဏ်ကြီးရှင် အထွေထွေဗဟုသုတ ဉာဏ်စမ်းပဟေဠိအစီအစဉ်၏ ကံထူးရှင်များအား ဆုများလွှဲပြောင်းပေးအပ်

ရန်ကုန် နိုဝင်ဘာ ၉

၂၀၂၄ ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ပြုလုပ်ခဲ့သည့် (၈) ကြိမ်မြောက် ဉာဏ်ကြီးရှင် အထွေထွေဗဟုသုတ ဉာဏ်စမ်းပဟေဠိ အစီအစဉ်၏ Grand Final ကံထူးရှင်များအား ကံထူးဆုများ လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၈ ရက်မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ MPT ရုံးချုပ်၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် ငွေကျပ်သိန်း ၁၁၀ ကျော်တန်ဖိုးရှိ ကံထူးဆုများ လွှဲပြောင်းပေးအပ်ခဲ့ပြီး ကံထူးရှင်များထံ ပထမဆု ရွှေ ၁ ကျပ်သားလက်ကောက်၊ ဒုတိယဆု Bashan တံဆိပ် မော်တော်ဆိုင်ကယ်၊ တတိယဆု Hisense တံဆိပ် လက်မ ၄၀ Smart တီဗွီ၊ ၁၀ လီတာ အောက်ဆီဂျင်စက် နှင့် ငွေကျပ် ၅၀၀၀ တန် ငွေဖြည့်ကတ် ၉၉ ဆု၊ Techno တံဆိပ် မိုဘိုင်းဟန်းဆက်များကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ ဉာဏ်ကြီးရှင် အစီအစဉ်စတင်ခဲ့သည့် ၂၀၁၉ ခုနှစ်မှစတင်၍ ခြောက်လလျှင် တစ်ကြိမ်ဖြင့် ခုနစ်ကြိမ်အထိ ရွှေလက်စွပ်များ၊ မိုဘိုင်းဖုန်းများ၊ စမတ်နာရီများ၊ ကျန်းမာရေး ဆေးအိတ်(မိသားစုသုံး)၊ အိတ်ဆောင် ကျန်းမာရေး ဆေးအိတ်နှင့်ငွေကျပ် ၅၀၀၀ တန် အမ်ပီတီ ဖုန်းဘေလ်တို့ကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေး(MPT) နှင့် Trust Oo ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ ဉာဏ်ကြီးရှင် ဝန်ဆောင်မှုကို ၂၀၁၉ ခုနှစ်မှ စတင်ခဲ့ကာ မိုဘိုင်းသုံးစွဲသူများအတွက် အထွေထွေဗဟုသုတ ဉာဏ်စမ်းမေးခွန်းများကို ဖြေဆိုခြင်းဖြင့် ဆုလက်ဆောင်များ ကံထူးခွင့်ရရှိသည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ဒုတိယဝန်ကြီး ဦးရဲတင့် 2024 ASEAN MEDIA PARTNERS COOPERATION WEEK ဖွင့်ပွဲအခမ်းအနား တက်ရောက်

# ဒစ်ဂျစ်တယ်ခေတ်တွင် မီဒီယာအပါအဝင် ကဏ္ဍစုံနှင့်ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်နိုင်မည့် အနာဂတ်ကို ဖော်ဆောင်ကြရန် တိုက်တွန်းပြောကြား




ဒုတိယဝန်ကြီး ဦးရဲတင့် 2024 ASEAN MEDIA PARTNERS COOPERATION WEEK ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့ နံနက်ပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွေ့လင်မြို့၌ ကျင်းပသော 2024 ASEAN MEDIA PARTNERS COOPERATION WEEK ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ အခမ်းအနားသို့ China Media Group (CMG) မှ ဒုတိယအယ်ဒီတာချုပ်နှင့် CGTN အယ်ဒီတာချုပ် H.E Fan Yun၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီကော်မတီ အမြဲတမ်းအဖွဲ့ဝင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး H.E Chen Yijun နှင့် တာဝန်ရှိသူများ၊ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန အတွင်းဝန် H.E Kem Gunawadh နှင့် အာဆီယံနိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူများ၊ ပုဂ္ဂလိက သတင်းဌာနများမှ ဖိတ်ကြားထားသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ နန်နင်းမြို့ ကောင်စစ်ဝန်ရုံးမှ သံမှူး ဒေါ်ခိုင်ငြိမ်းစု တို့ တက်ရောက်ကြသည်။

**ညှိနှိုင်းဆွေးနွေး**

ဖွင့်ပွဲအခမ်းအနား မစတင်မီ China Media Group မှ တာဝန်ရှိသူများ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် သီးသန့်တွေ့ဆုံ၍ တရုတ်နိုင်ငံနှင့် မိမိတို့ နိုင်ငံများအကြား မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးကြသည်။

**ကောင်းကျိုးများတည်ဆောက်နိုင်**

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးရဲတင့်က မိန့်ခွန်းပြောကြားရာ၌ ယနေ့ မီဒီယာကဏ္ဍသည် နိုင်ငံအသီးသီး၏ နယ်ပယ်စုံတွင် အရေးပါလျက်ရှိကြောင်း၊ မီဒီယာကြောင့် နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း ရင်းနှီးကျွမ်းဝင်မှုနှင့် ကောင်းကျိုးများကို တည်ဆောက်နိုင်သကဲ့သို့ သတင်းတု သတင်းမှားများနှင့် ကျင့်ဝတ်ချိုးဖောက်သော မီဒီယာများကြောင့် အချို့နိုင်ငံများမှာ တည်ငြိမ်အေးချမ်းမှုပျက်ပြားပြီး ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း။

မီဒီယာကွာဟချက်များကို လျှော့ချနိုင်ရေးနှင့် နည်းပညာမျှဝေခြင်းတို့ကို ဆောင်ရွက်သင့်ကြောင်း၊ တရုတ်နိုင်ငံအပါအဝင် ဒေသတွင်း နိုင်ငံများအနေဖြင့် မီဒီယာကဏ္ဍကို စုပေါင်းလုပ်ကိုင်ပါက သတင်းများ ပျံ့နှံ့မှုအားကောင်းပြီး အင်အားကြီးမား၍ အရည်အသွေး ပြည့်ဝသော မီဒီယာနယ်ပယ်ကြီး တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအချင်းချင်း သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်း၊ ရုပ်မြင်သံကြားနှင့် အသံလွှင့်အစီအစဉ်များ ပူးပေါင်းရိုက်ကူးခြင်းတို့ဖြင့် နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း ရင်းနှီးချစ်ခင်မှု ပိုမိုတိုးများလာမည်ဖြစ်ကြောင်း၊ ယနေ့ကဲ့သို့ ဒစ်ဂျစ်တယ်ခေတ်တွင် မီဒီယာအပါအဝင် ကဏ္ဍစုံနှင့် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ယခု အခမ်းအနား၏ ရည်မှန်းချက်ဖြစ်သည့် New Quality, Coexistence, Civilization ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲနေထိုင်နိုင်မည့် အနာဂတ်ကို ဖော်ဆောင်ကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**အထင်ကရနေရာများသွားရောက်**

ယမန်နေ့ မွန်းလွဲပိုင်းနှင့် ယနေ့တွင် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များသည် ကွေ့လင်မြို့တစ်ဝိုက် အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။ **သတင်းစဉ်**

# အများပြည်သူရုံးပိတ်ရက်များ မှားယွင်းဖော်ပြခဲ့သည့် ပြက္ခဒိန်များအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်အတွက် ထုတ်ဝေထားသော အောက်ဖော်ပြပါ ပြက္ခဒိန်များသည် အများပြည်သူရုံးပိတ်ရက်များကို မှားယွင်းဖော်ပြထားကြောင်း တွေ့ရှိရပါသည်-

| စဉ် | ထုတ်ဝေသူအမည် | ပြက္ခဒိန်အမည် | မှားယွင်းဖော်ပြမှု |
|---|---|---|---|
| (က) | ဦးမောင်မောင်လှ (ရွှေနိုင်ငံပိုစတာနှင့် စာပေဖြန့်ချိရေး) | ၂၀၂၄ ခုနှစ်၊ ရွှေနိုင်ငံပြက္ခဒိန် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် |
| (ခ) | ဦးလှဝင်း (ရွှေဝါဝင်းစာပေ) | ၂၀၂၄ ခုနှစ်၊ စန်းမြမြ တရုတ်-အင်္ဂလိပ်-မြန်မာ သုံးဘာသာပြက္ခဒိန် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် |
| (ဂ) | ဦးလှဝင်း (ရွှေဝါဝင်းစာပေ) | ၂၀၂၄ ခုနှစ်၊ ရွှေနှစ်သစ်ပြက္ခဒိန် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် |
| (ဃ) | ဦးအောင်မျိုးသန့် (အောင်မျိုးစာပေ) | ၂၀၂၄ ခုနှစ်၊ ဝေဒိကပြက္ခဒိန် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် |
| (င) | ဦးအောင်မျိုးသန့် (အောင်မျိုးစာပေ) | ၂၀၂၄ ခုနှစ်၊ ရွှေဟောင်း သမိုင်းဝင်မွေတော်ကဏ္ဍူ ဘုရားပြက္ခဒိန် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် |
| (စ) | ဦးမိုဟာမက်ဆာလာဟူဒင် (အစ္စလာမ့်မီးအိမ်စာပေတိုက်) | ၂၀၂၄ ခုနှစ်၊ အစ္စလာမ့်မီးအိမ် ပြက္ခဒိန် | ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် |
| (ဆ) | ဦးချစ်ဆွေ (မြတ်သဇင်စာပေ) | ၂၀၂၅ ခုနှစ်၊ ရွှေပြည်သာ မြို့နယ်အစ္စလာမ်ဘာသာရေး အကျိုးဆောင်အဖွဲ့၊ မြို့နယ် မွတ်စလင် သာရေး၊ နာရေး အသင်းပြက္ခဒိန် | ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်၊ |
| (ဇ) | ဦးချစ်ဆွေ (မြတ်သဇင်စာပေ) | ၂၀၂၅ ခုနှစ်၊ ဟဂျ်နှင့်အွမ့် ရာဟ် ခရီးသွားလမ်းညွှန် အစ္စလာမ်ဘာသာရေး ပြက္ခဒိန် | ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက် |
| (ဈ) | ဦးမျိုးသိန်း (ဆွေမဟာစာပေ) | ၂၀၂၅ ခုနှစ်၊ အောင်မဟာ မင်္ဂလာအခါပေးဇေဒင် ပြက္ခဒိန် | ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နှင့် ဒီဇင်ဘာလ ၂၉ ရက် |

၂။ ထိုကဲ့သို့မှားယွင်းဖော်ပြထားသော ထုတ်ဝေသူများဖြစ်သည့် ဦးမောင်မောင်လှ(ရွှေနိုင်ငံပိုစတာနှင့် စာပေဖြန့်ချိရေး)၊ ဦးလှဝင်း(ရွှေဝါဝင်းစာပေ)၊ ဦးအောင်မျိုးသန့်(အောင်မျိုးစာပေ)၊ ဦးမိုဟာမက်ဆာလာဟူဒင် (အစ္စလာမ့်မီးအိမ်စာပေတိုက်)၊ ဦးချစ်ဆွေ (မြတ်သဇင်စာပေ)၊ ဦးမျိုးသိန်း (ဆွေမဟာစာပေ)တို့အား အများပြည်သူတို့၏ ရုံးပိတ်ရက်များကို မှန်ကန်စွာ ဖော်ပြထုတ်ဝေရန် ခေါ်ယူသတိပေး မှတ်တမ်းတင်၍ ဝန်ခံကတိပြု လက်မှတ်ရေးထိုးစေခဲ့ပြီးဖြစ်ပါ သည်။

၃။ သို့ဖြစ်ပါ၍ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့၊ ဒီဇင်ဘာလ ၄ ရက်နေ့၊ စက်တင်ဘာလ ၂၉ ရက်နှင့် ဒီဇင်ဘာလ ၂၉ ရက်နေ့များသည် အများပြည်သူတို့၏ ရုံးပိတ်ရက် မဟုတ်ပါကြောင်းနှင့် ပြက္ခဒိန်ထုတ်ဝေသူများသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ပညာရှင်များက ရေးဆွဲထားသည့် မြန်မာ-ရခိုင်-အင်္ဂလိပ် မူမှန်ပြက္ခဒိန်ပါ ရုံးပိတ်ရက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာဖြင့်ထုတ်ပြန်သော အများပြည်သူတို့၏ ရုံးပိတ်ရက်များ၊ ပြန်ကြားရေးဝန်ကြီးဌာနကထုတ်ဝေသည့် ပြက္ခဒိန်ပါ အများပြည်သူတို့၏ ရုံးပိတ်ရက်များအတိုင်း ဖော်ပြထုတ်ဝေရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် စူဠာမုနိလောကချမ်းသာဘုရား ဘက်စုံမွမ်းမံပြင်ဆင်ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**တောင်ကြီး နိုဝင်ဘာ ၉**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၉ ရက် နံနက် ၈ နာရီက တောင်ကြီးမြို့ စူဠာမုနိဘုရားအတက်လမ်း ညာဘက်ရှိ အများပြည်သူများ အပန်းဖြေအနားယူ၍ အားကစားလေ့ကျင့်ခန်းဆောင်ရွက်သည့် နေရာ၌ ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး(ယာပုံ) ပြည်သူများ အမှိုက်ကို စနစ်တကျ စွန့်ပစ်နိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးဌာနမှ ဆောင်ရွက်ထားသော အမှိုက်ပုံးများကို ကြည့်ရှုစစ်ဆေးကာ ရွှေရင်အေးလမ်းမီးသတ်ဦးစီးဌာန အနီးရှိ လမ်းဘေး ဝဲ၊ ယာတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုနှင့် ယင်းနေရာတွင် မြေများညှိပြီး ပြည်သူများ အားကစားလေ့ကျင့်နိုင်ရန်အတွက် အားကစားပစ္စည်းများ ဆောင်ရွက်ထားရှိပေးနိုင်ရေး သက်ဆိုင်ရာ ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာဘုရား စေတီတော် ဘက်စုံမွမ်းမံ ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဌာနဆိုင်ရာများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ၂၀၂၄ ခုနှစ် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပွဲတော်တွင် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်မည့်နေရာ မဏ္ဍပ်ပြင်ဆင်ထားရှိမှုများနှင့် မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ နဖူးစည်းဆိုင်းဘုတ်ဆောင်ရွက်မည့်နေရာများကို ကြည့်ရှုသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့ကျက်သရေဆောင် ရွှေဘုန်းပွင့်စေတီတော်ဘုရား အတက်လမ်း ညာဘက်ရှိ မြေထိန်းနံရံ ဆောင်ရွက်နေမှုနှင့် ၂၀၂၄ ခုနှစ် တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကျင်းပမည့် အဝေရာ မီးပုံးပျံကွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ပွဲတော်မုခ်ဦးများ၊ ပွဲဈေးတန်းများနှင့် အသေးစား၊ အလတ်စား၊ အငယ်စား ဒေသထွက်ကုန်ပြခန်း MSMEs များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**မောင်မောင်သန်း(တောင်ကြီး)**

# အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၉**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရှုပ်ကောင်းမွန်စေရေး အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အပါအဝင် မြို့နယ် ၁၃ မြို့နယ်တို့ရှိ စာသင်ကျောင်းများ၌လည်းကောင်း၊ လှည်းကူးမြို့နယ်၊ ရွှေပြည်သာမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့ရှိ ပြည်သူ့ဆေးရုံများ၌လည်းကောင်း၊ စာသင်ကျောင်းများနှင့် ပြည်သူ့ဆေးရုံများ အတွင်း/အပြင် ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထိုသို့ စာသင်ကျောင်းများနှင့် ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာမြို့နယ်များမှ နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# မြန်မာနိုင်ငံဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေစီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့၏ (၃/၂၀၂၄-၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို နိုဝင်ဘာ ၇ ရက်က စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနတို့မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံဘဏ်များအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေ စတင်ထုတ်ချေးသည့် ၂၀၂၃ ခုနှစ် ဇူလိုင်လမှစတင်ပြီး ယနေ့အထိ Participating Financial Institutions(PFI) ဘဏ်နှစ်ခုဖြစ်သော မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့မှ နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ကိုးခုမှ ဆီစက်လုပ်ငန်းရှင် ၃၄ ဦးကို ချေးငွေကျပ် ၄၁၉၃ သန်း ထုတ်ချေးပေးခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သော ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေကို စဉ်ဆက်မပြတ် ထုတ်ချေးရေးအတွက်မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့အပြင် ပြင်ပပုဂ္ဂလိကဘဏ်များ ပါဝင်ဆောင်ရွက်ရေး၊ ချေးငွေနှုန်းထားတိုးမြှင့်သတ်မှတ်ရေးတို့အတွက် အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် အကြံပြုဆွေးနွေးကြစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင် ညွှန်ကြားရေးမှူးက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေ ပိုမိုကျယ်ပြန့်စွာထုတ်ချေးနိုင်ရေး၊ ချေးငွေနှုန်းထားတိုးမြှင့် ထုတ်ချေးရေးအတွက် သက်ဆိုင်ရာလုပ်ငန်း အဖွဲ့ဝင်များနှင့် ဆွေးနွေးညှိနှိုင်းထားရှိမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းအဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြသည်။

**သတင်းစဉ်**

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အားကစားအသိဉာဏ် PI မှတစ်ဆင့် ကာယဉာဏ ကျန်းမာဖွံ့ဖြိုးမှုအရပ်ရပ်ဆီ

**အားကစားကဏ္ဍ အောင်မြင်မှုက နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြင့်တက်စေပါသည်။ ယနေ့ တိုးတက်လာသည့်ခေတ်ကြီးတွင် အားကစားကဏ္ဍနှင့် ကျန်းမာရေး ဆက်စပ်မှုကို စဉ်းစားကြရာမှ အားကစားနည်းများစွာကို လူအများက ယခင်ထက် စိတ်ဝင်စားမှုရှိလာကြသည်၊ အလေးအနက်ထားလာကြသည်။ ယင်းသည်ပင် နိုင်ငံဖွံ့ဖြိုးတိုးတက်စေသည့် အကြောင်းတရားများစွာအနက် အခွင့်အလမ်းတစ်ခုဖြစ်နေသည်ဟု ဆိုချင်သည်။**

မိုးကေနိုင်

နိုင်ငံတစ်နိုင်ငံတွင် ကျန်းမာသန်စွမ်းသော လူ့စွမ်းအားအရင်းအမြစ်ကို ပိုင်ဆိုင်ထားမှသာ ထိုနိုင်ငံကြီး အားကောင်းလာမည်ဖြစ်သည်။ "အား" ဆိုသည့်နေရာမှာ ရုပ်ပိုင်းဆိုင်ရာ အင်အားနှင့် စိတ်ပိုင်းဆိုင်ရာအင်အားကို ဆိုလိုပြီး ထိုအားနှစ်ခုက လူ့စွမ်းအား၏ အဓိကအရင်းအမြစ်ဖြစ်သည့်အတွက် တစ်ခုခုချို့ယွင်းနေရုံမျှဖြင့် တိုင်းပြည်လူ့အဖွဲ့အစည်း ဆုတ်ယုတ်သွားမည်ဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။

**ရုပ်ပိုင်း စိတ်ပိုင်းဖွံ့ဖြိုးမှုဟူသည် ရေရှည်အတွက် စဉ်းစားရမည့်အရာ**

ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှု physical fitness နှင့် good mentality စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုဟူသည် ရုပ်ရော စိတ်ပါ တစ်ပြိုင်နက်တည်း ကျန်းမာနေမှ ဖြစ်နိုင်မည်၊ တစ်ခုနှင့်တစ်ခုလည်း အပြန်အလှန် အမှီသဟဲပြု၊ အထောက်အကူဖြစ်နေမှသာ ရေရှည်အားကောင်းမှုကို ပေးစွမ်းပါသည်။ ထိုအနေအထားအထိ ဖြစ်လာနိုင်ဖို့က အားကစားကဏ္ဍမှလွဲ၍ အခြားရှိပါ့မလား။ ထို့ကြောင့်လည်း နိုင်ငံအနေဖြင့် ယခုလိုအခြေအနေမျိုးမှာ အမျိုးသားအဆင့် နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ နိုင်ငံတကာရေးရာ စသည်ဖြင့် ဦးစားပေးလုပ်ရမည့် ကိစ္စရပ်များစွာဖြင့် အခက်အခဲများစွာ ရုန်းကန်ရသည့် အနေအထားများကြားမှ အားကစားကဏ္ဍတွင်လည်း လစ်ဟင်းမှုမရှိ၊ မျက်ခြည်မပြတ် အာရုံစိုက် တွန်းအားပေးနေခြင်းဖြစ်မည်ဟု ယူဆပါသည်။ Hard power နှင့် Soft power ကို ဟန်ချက်ညီညီအသုံးချ၍ ရေရှည်ဘက်စုံဖွံ့ဖြိုးတိုးတက်မှုဆီ ရေးရှုနေမှန်း သိသာနိုင်သည်။

ယခုအချိန် နိုင်ငံသားတွေ၏ ကာယပိုင်း၊ စိတ်ဓာတ်ပိုင်းက အလွန်ကို အားနည်းချည့်နဲ့သည့် အနေအထား၊ အထူးသဖြင့် စိတ်ဓာတ်ပိုင်းက ပို၍ အားနည်းလှသည်ကို တွေ့ရသည်။ စိတ်ဓာတ်ပိုင်း အားနည်းခြင်းက အရာရာအောင်မြင်မှုနှင့် အလှမ်းဝေးသွားစေသည်။ နိုင်ငံတိုးတက်ရန်အတွက်လည်း အထောက်အကူမဖြစ်ဟု...စဉ်းစားသည့်နေရာတွင် အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် စဉ်းစားပေးခြင်းလည်းပါသည်။ အနာဂတ် မျိုးဆက်အဆက်ဆက်အတွက် ဆိုပါတော့၊ ယခုပစ္စုပ္ပန်အတွက် အရေးကြီးသလို အနာဂတ်အတွက်လည်း မစဉ်းစားလို့မရ၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး အမြင်ကိုပါ ထည့်သွင်းစဉ်းစားလိုက်လျှင် ပို၍တောင် အရေးကြီးသွားမည်ဖြစ်သည်။ ထိုသို့ စဉ်းစားပြီးမှ နိုင်ငံနှင့် နိုင်ငံသားများအတွက် ရေရှည်တည်တံ့မြဲမြံသည့် ဘက်စုံတိုးတက်ဖွံ့ဖြိုးရန်အတွက် အားကစားကဏ္ဍသည် မရှိမဖြစ် အရေးပါသည့် Issue တစ်ခုအဖြစ် ရပ်တည်လာခြင်းဖြစ်သည်။



မြန်မာ့သိုင်းပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်နေကြစဉ်။



**အားကစားနှင့် ကျန်းမာရေး ဆက်စပ်သိမြင်နိုင်စွမ်းသည်အရေးကြီး**

ထို့ကြောင့် ကျွန်တော်တို့နိုင်ငံသားတွေအားလုံး အားကစားနည်း တစ်မျိုးမဟုတ် တစ်မျိုးမှာ ပါဝင်ကစားနေကြဖို့ သင့်ပါသည်။ ကစားဖို့၊ ကစားနိုင်ဖို့ အခွင့်အလမ်းတော့ ဖန်တီးကြရမည်။ ကိုယ်ကျန်းမာဖို့၊ ကိုယ့်ကိုယ်ကိုယ်လည်း ဖန်တီး၊ သူများကစားနိုင်ဖို့ အခွင့်အလမ်းများလည်း ဖန်တီးကြရမည်။ ဦးစွာ အားကစားကို စိတ်ဝင်စားလာဖို့က ပထမဦးစားပေးဖြစ်သလို မိမိကျန်းမာရေးအတွက် သက်ရှည်ကျန်းမာပြီး ဘဝမှာအဓိပ္ပာယ်ရှိရှိဖြင့် လူတန်းစေ့နေနိုင်ရေးအတွက် အားကစားတစ်ခုခုကို အမြဲမပြတ်လုပ်နေဖို့ လိုနေပါလားဟူ၍... အတွေးမှ အကျင့်ဖြစ်လာဖို့၊ ကျန်းမာရေးနှင့် အားကစားဆက်စပ်သိမြင်နိုင်စွမ်းကို မွေးမြူပေးနိုင်ဖို့က ပထမဦးဆုံး ခံယူထားရမည့် ခံယူချက်ဖြစ်သည်။ သို့မှသာ အားကစားကြောင့် တစ်ဦးချင်းကျန်းမာသန်စွမ်းမှုမှ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေး၊ ထိုမှတစ်ဆင့် နိုင်ငံအဆင့်အားကစားဖွံ့ဖြိုးမှု၊ ထိုမှတစ်ဆင့် နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးမှုဆီသို့ ကျဲကူးရေပါ လိုက်ပါသွားမည်ဖြစ်သည်။

အားကစားနည်းတစ်မျိုးမျိုးကို လူတစ်စုတစ်ဖွဲ့ကသာ စိတ်ဝင်စားပြီး ယှဉ်ပြိုင်သည်ထက် အားကစားနည်းပေါင်းစုံကို အုံလိုက်ကျင်းလိုက် လူအများပါဝင်ကစားလာကြပြီဆိုလျှင် လူတစ်ဦးချင်း ကျန်းမာရေးမှာရော နိုင်ငံဂုဏ်ဆောင် လက်ရွေးစင်ရွေးချယ်ရာအထိပါ သက်ရောက်မှုရှိသလို တော်ပြီးထက်မြက်သည့် လူတော်လူကောင်း၊ နိုင်ငံသားကောင်းများ ထွက်ပေါ်လာသည်အထိလည်း များစွာအထောက်အကူပြုပါသည်။

ထို့ကြောင့် ကစားနိုင်သမျှ အားကစားနည်းပေါင်းစုံကို အထူးသဖြင့် လူငယ်များ ကလေးဘဝအရွယ်ကတည်းက စိတ်ဝင်စားလာအောင် ဆွဲဆောင်စည်းရုံးနိုင်စွမ်းရှိရပါမည်။ အားကစားနည်းတစ်ခုခုမှာ စိတ်ဝင်စားစရာကောင်းခြင်း၊ ပျော်စရာကောင်းခြင်းတို့က ထိုအားကစားနည်းကို တိုးတက်စေသည်ဟုဆိုရာတွင် ထိုအားကစားနည်းက ကစားသူ၏ ကိုယ်စိတ်ကျန်းမာရေးကိုပါ ကြီးမားစွာ အကျိုးကျေးဇူးပြုနေကြောင်းကို ထည့်သွင်းစဉ်းစားဖို့လိုပါသည်။ တချို့က လူ့ဘဝမှာ အရေးကြီးဆုံးအဖြစ် ပိုက်ဆံ၊ ရာထူး၊ စည်းစိမ်၊ ဂုဏ်ပကာသနကို တန်ဖိုးထားကြသည်။

ထိုအရာများအပြင် ကျန်းမာကြံ့ခိုင်ခြင်းက ပိုအရေးကြီးကြောင်း အသိအမှတ်ပြုသူများ ယနေ့ခေတ်မှာ များပြားလာသည်။ ထို့ကြောင့် ကမ္ဘာ့လူသားများသည် အားကစားနည်းတစ်ခုမဟုတ် တစ်ခုကို လေ့ကျင့်ကြ၊ ကစားလာကြခြင်းဖြစ်သည်။ လူသားတွေ ကျန်းမာကြံ့ခိုင်ဖို့၊ အားကစားလေ့ကျင့်ခန်းတွေလုပ်နိုင်ဖို့ မိမိမြို့ရွာ အားကစားမှသည် နိုင်ငံအဆင့် ဒေသအဆင့် အိုလံပစ်ကဲ့သို့ ကမ္ဘာ့အဆင့်အထိ ပြိုင်ပွဲများစွာ ကျင်းပပေးခြင်း၊ ပါဝင်ယှဉ်ပြိုင်ခြင်းများ တိုးတက်ပြုလုပ်ကြရမည်ဖြစ်သည်။ ယနေ့ နိုင်ငံတကာပြိုင်ပွဲများတွင် ထည့်သွင်းထားသော အားကစားအမျိုးအစားအားလုံးမှာ ကျန်းမာရေးကို သူ့နည်းသူ့ဟန်နှင့် အထောက်အကူပြုနေကြောင်း သိရှိထားလျှင် အလွန်ပင် အကျိုးကျေးဇူးများပြားပါသည်။

**အားကစားဖြင့် ကျန်းမာရေးလာဘ်ကိုရယူပါ**

အမှန်တကယ်လည်း လူတွေမှာ ကျန်းမာရေးသည် လာဘ်ကြီးတစ်ပါးဆိုသည်ကို အားလုံးက လက်ခံပြီးဖြစ်သည်။ ကျန်းမာရေးက ဘဝမှာ

*စာမျက်နှာ ၁၁ သို့*

- ❂ **အားကစားနည်းတစ်မျိုးမျိုးကို လူတစ်စုတစ်ဖွဲ့ကသာ စိတ်ဝင်စားပြီး ယှဉ်ပြိုင်သည်ထက် အားကစားနည်းပေါင်းစုံကို အုံလိုက်ကျင်းလိုက် လူအများပါဝင်ကစားလာကြပြီဆိုလျှင် လူတစ်ဦးချင်း ကျန်းမာရေးမှာရော နိုင်ငံဂုဏ်ဆောင် လက်ရွေးစင်ရွေးချယ်ရာအထိပါ သက်ရောက်မှုရှိသလို တော်ပြီးထက်မြက်သည့် လူတော်လူကောင်း၊ နိုင်ငံသားကောင်းများ ထွက်ပေါ်လာသည်အထိလည်း များစွာအထောက်အကူပြု**
- ❂ **မိမိနှင့် သင့်လျော်ရာ ကစားနည်းတစ်မျိုး သို့မဟုတ် နှစ်မျိုးလောက်ကို ကလေးသူငယ်၊ လူငယ်ဘဝမှစ၍ စိတ်ဝင်တစား ကစားကြစေချင်သည်။ မိဘများအနေဖြင့် မိမိတို့သားသမီးများကို ငယ်စဉ်ကျောင်းသားဘဝကပင် အနည်းဆုံး အားကစားနည်းတစ်မျိုး သို့မဟုတ် နှစ်မျိုးလောက်အထိ ကစားဖို့အချိန်ပေးစေချင်သည်၊ သွန်သင်ဆုံးမအားပေးသင့်သည်။ နွေရာသီကျောင်းပိတ်ရက်များသည် မိမိတို့ကလေးများ၏ ကျန်းမာရေးအတွက် အချိန်ပေးပြီး အားကစားလုပ်ကြရန် အားကစားကွင်းများဆီချီတက်ဖို့ အခွင့်အလမ်းကောင်းဆိုသည်ကို အမှုမဲ့အမှတ်မဲ့ မဖြစ်စေချင်ပါ**

*စာမျက်နှာ ၁၀ မှ*

အရေးကြီးလှသည်။ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဆိုတာလောက်တော့ အားလုံးသိသည်။ သို့သော် အားကစားနှင့် ကျန်းမာရေးဆက်စပ်မှုကို တချို့အားကစားအလေ့အထမှလွဲ၍ စိတ်ဝင်စားသူနည်းနိုင်ပါသည်။ အားကစားက ကျန်းမာရေးကို ဘယ်လိုအထောက်အကူပြုနေသလဲ၊ ဘယ်အားကစားနည်းက ဘယ်လိုအကျိုးကျေးဇူးရှိသလဲဆိုတာတော့ တိတိကျကျ သိနားလည်ရန် လေ့လာနေမှသာ အဆင်ပြေမည်။

နေ့စဉ် လမ်းလျှောက်ခြင်း အလေ့အထက ကျန်းမာရေးကို လွန်စွာအထောက်အကူပြုကြောင်း သိရှိထားကြသဖြင့် လူအတော်များများ အချိန်ပေး၍ လမ်းလျှောက်ဖြစ်ကြသည်။ တချို့က အပြေးကျင့်ကြသည်။ လမ်းလျှောက်ခြင်းသာမက ဘောလုံး၊ ဘော်လီဘော၊ တင်းနစ်၊ ကြက်တောင်၊ စက်ဘီးစီး၊ ဂျူဒို၊ အလေးမ၊ တိုက်ကွမ်ဒို၊ ဝူရှူး၊ လက်ဝှေ့၊ ရိုးရာလေ့၊ ပိုက်ကျော်ခြင်း၊ ဗိုဗီနမ်ကစားနည်း၊ ဘီလီယက်၊ စနူကာ၊ ဝီတန်း၊ ခရစ်ကက် စသည်ဖြင့် ပြိုင်ပွဲဝင်အားကစားနည်းအားလုံးက ကစားသူ၏ ကျန်းမာရေးကို ပုံစံမျိုးစုံဖြင့် အထောက်အကူပြုပါသည်။

ထို့ကြောင့်လည်း မိမိနှင့် သင့်လျော်ရာ ကစားနည်းတစ်မျိုး သို့မဟုတ် နှစ်မျိုးလောက်ကို ကလေးသူငယ် ၊ လူငယ်ဘဝမှစ၍ စိတ်ဝင်တစား ကစားကြစေချင်သည်။ မိဘများအနေဖြင့် မိမိတို့သားသမီးများကို ငယ်စဉ်ကျောင်းသားဘဝကပင် အနည်းဆုံး အားကစားနည်းတစ်မျိုး သို့မဟုတ် နှစ်မျိုးလောက်အထိ ကစားဖို့အချိန်ပေးစေချင်သည်၊ သွန်သင်ဆုံးမအားပေးသင့်သည်။ နွေရာသီကျောင်းပိတ်ရက်များသည် မိမိတို့ကလေးများ၏ ကျန်းမာရေးအတွက် အချိန်ပေးပြီး အားကစားလုပ်ကြရန် အားကစားကွင်းများဆီချိတ်ကပ်ဖို့ အခွင့်အလမ်းကောင်းဆိုသည်ကို အမှုမဲ့အမှတ်မဲ့ မဖြစ်စေချင်ပါ။

ကွင်းမရှိ နေရာမရှိလျှင်လည်း အချို့အားကစားနည်းများကို အိမ်မှာပဲ ကစားနိုင်၊ လေ့ကျင့်နိုင်ပါသည်။ ပြိုင်ပွဲဝင်ဖို့မဟုတ်လျှင်တောင် မိမိကျန်းမာရေးအတွက်ဟူသည့် အသိဖြင့် အသက်ရှည်ရာ အနာမဲ့ကြောင်း လူ့သက်တမ်းရှည်နေနိုင်ရေးကို မျှော်ကိုးပြီး အချိန်တစ်ခုပေးကာ ကစားစေလိုပါသည်။ မကျန်းမာလျှင် ပညာရေးခရီးလမ်းလည်း ဖြောင့်ဖြူးမည်မဟုတ်၊ အားကစားကြောင့် မိမိတို့သားသမီးများ အရင်လို အားနည်းချည့်နဲ့ ကုပ်ချောင်းချောင်းမဟုတ်တော့ဘဲ ဖျတ်ဖျတ်လတ်လတ်နှင့် တက်တက်ကြွကြွ ရှိလာသည်ကို တွေ့လာရလိမ့်မည်။ အားကစားကပေးသည့် ကြံ့ခိုင်သန်စွမ်းလာမှုကြောင့်ပင်ဖြစ်သည်။

**Physical Intelligence မှသည်**

ဤနေရာမှာ ပညာရှင်များက အားကစားနှင့် ဆက်စပ်ပြီး ဉာဏ်ရည်ဉာဏ်သွေး (IQ)နှင့် စိတ်ပိုင်းဆိုင်ရာအရည်အသွေး(EQ)အပြင် Physical Quotient ( PQ) ကိုပါ ထည့်သွင်းပညာပေးလာကြသည်ကို လေ့လာမိသည်။ ရုပ်ပိုင်းဆိုင်ရာအရည်အသွေးတစ်ခုဆိုပါစို့၊ တစ်နည်း Physical Intelligence (PI) အဖြစ် ဆက်စပ်ယူနိုင်သည်။ PI ရှိမှလည်း PQ ရမည်ဟုသာ မှတ်လိုက်ပါမည်။ စကားလုံးဝေါဟာရထက် အနက်လက္ခဏာအခြင်းအရာက ပိုအရေးကြီးပါသည်။

ကျန်းမာမှ အလုပ်လုပ်နိုင်မှာဆိုတော့ အားကစားကို စိတ်ဝင်တစား လေ့လာလိုက်စားသင့်သည်။ အားကစားသည် ရုပ်ပိုင်းဆိုင်ရာမှာပဲ အထောက်အကူပြုနေသည်လား... မဟုတ်ပါ၊ စိတ်ပိုင်းဆိုင်ရာခံစားမှုကိုပါ ကျေးဇူးပြုသည်။ အားကစားပြိုင်ပွဲမှာ မိမိယှဉ်ပြိုင်ဘက်အပေါ် လေးစားခြင်း၊ အနိုင်ရယူလိုစိတ်ရှိခြင်း၊ စည်းကမ်းလိုက်နာနိုင်ခြင်း၊ အဖွဲ့လိုက် အားကစားနည်းများကြောင့် အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် အလုပ်လုပ်တတ်လာပြီး အပေးအယူမျှမျှတတဖြင့် ပေါင်းသင်းဆက်ဆံရေး ကောင်းလာခြင်း၊ စာနာနားလည်နိုင်ပြီး အသိအမှတ်ပြုတတ်လာခြင်း၊ အကျင့်စာရိတ္တပိုင်း ကောင်းမွန်လာခြင်း၊ အရှုံးကို လက်ခံနိုင်စွမ်းရှိခြင်း၊ အနိုင်ရလဒ်အပေါ် မမောက်မာတတ်ခြင်း၊ ပြိုင်ပွဲမှာ မိမိအားနည်းချက် အားသာချက်ကို ရှာဖွေဖော်ထုတ်ခြင်း စသည်တို့မှာ အားကစားကပေးသော စိတ်ပိုင်းဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးများပင်ဖြစ်သည်။

ဤအရည်အသွေးများသည်ပင် ယနေ့ခေတ်မှာ အထူးလိုအပ်နေသော စိတ်ပိုင်းဆိုင်ရာ သန်စွမ်းရမည့် အရည်အချင်းများဖြစ်နေသည်။ ယနေ့လူတွေမှာ အများဆုံးကိန်းအောင်းနေသော မကောင်းသည့်အတ္တကို စုပေါင်းအစုအဖွဲ့ဖြင့် အပေးအယူမျှမျှတတဖြင့် အောင်ပွဲရယူနိုင်မည့် အတ္တကင်းသော စိတ်ထားမျိုးကို အားကစားက ပေးစွမ်းနိုင်ပါသည်။ ဤအကျိုးတရားများသည် physical fitness (ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်သန်စွမ်းမှု)သာမက mental healthy (စိတ်ပိုင်းဆိုင်ရာသန်စွမ်းမှု)ကိုလည်း ဖြစ်စေပါသည်။

ဆိုလိုသည်မှာ PI သာမက Emotional Intelligence ဟု သတ်မှတ်နိုင်သည့် EI ကိုလည်း အကျိုးပြုသည်ဟု ဆိုချင်သည်။ အထက်ပါ အားကစားကြောင့် အကျိုးကျေးဇူးများအနက်မှ တစ်ခုဖြစ်သည့် အပြန်အလှန် အသိအမှတ်ပြုတတ်လာခြင်းမှတစ်ဆင့် အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုများလည်း ရရှိလာပါသည်။ ထိုအလေ့အကျင့်မျိုးက နောက်ပိုင်းမှာ သူ့ကိုးကွယ်မှု၊ သူ့ယုံကြည်မှု၊ ကိုင်းရှိုင်းမှု၊ သူ့ယဉ်ကျေးမှု၊ ကိုယ့်ယဉ်ကျေးမှု ၊ ဓလေ့ထုံးစံများဆိုသည်ကို မစော်ကားလေးစားတတ်လာပြီး နားလည်လက်ခံမှုအပြည့်ဖြင့် အပြန်အလှန် အသိအမှတ်ပြုတတ်လာသည့် spiritual intelligence နှင့် cultural intelligence များအထိ ရရှိလာခြင်းဖြစ်သည်။

မိမိတို့ကလေးများကို ကျောင်းမှာ စာတော်ရုံနှင့်သာ ကျေနပ်မနေပါနှင့်၊ စာပေမှာတော်ပြီး အသိဉာဏ်နှင့်လည်း ပြည့်စုံနေဖို့အတွက်ဆိုလျှင် ကိုယ်ကာယပိုင်း ကျန်းကျန်းမာမာနှင့် သန်စွမ်းနေဖို့၊ စိတ်ပိုင်းဆိုင်ရာတွင်လည်း ဖွံ့ဖြိုးနေဖို့၊ စိတ်ရော ရုပ်ပါ တစ်ခုနှင့်တစ်ခု ဆက်စပ်နေသည့် အချက်ကို လိုအပ်သလို အသုံးချသင့်သည် မဟုတ်ပါလား။ အားကစားမှတစ်ဆင့် ဒါမှလည်း ကိုယ့်ကလေးတစ်ယောက် ထက်ထက်မြက်မြက်ဖြစ်ပြီး လိမ္မာလာမည်၊ တကယ့်ကို multiple intelligence နှင့် ဘက်စုံတော်သည်၊ ဘက်စုံထူးချွန်လာပါမည်။

တစ်ဦးချင်းပဲတော်နေသည်မဟုတ်၊ မိသားစုအတွက်ရော ပတ်ဝန်းကျင်အတွက်ရော နိုင်ငံအတွက်ပါ တော်လည်းတော်၊ ကောင်းလည်းကောင်းသည့် good citizenship နိုင်ငံသားပီသသူတွေဖြစ်လာကြမည်ဟု ယူဆမိသည်။ ရေတိုအတွက်မဟုတ်ဘဲ ရေရှည်အတွက်ကြည့်လျှင် ဤကလေးများ၊ ဤလူငယ်များက ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျပြီး ဘဝမှာ ပိုပြီးလည်း အောင်မြင်ကြသည်၊ ပိုပြီးလည်း ရှင်သန်ရပ်တည်နိုင်စွမ်းရှိကြတာ တွေ့ရသည်။

ထို့ကြောင့်လည်း ဤဆောင်းပါးတွင် ကစားနည်းအလိုက် ကျန်းမာရေးအပေါ် အကျိုးသက်ရောက်ပုံများကို ထပ်မံဖော်ပြပေးသွားလိုပါသည်။ ဦးစွာပထမ လူအများကြိုက်နှစ်သက်သည့် ဘောလုံးအားကစားနည်းမှ ထိုအဖွဲ့လိုက်အားကစားနည်းက ယှဉ်ပြိုင်သူတွေအပေါ်မှာ ဘယ်လိုကောင်းကျိုးများ ရရှိစေပါသလဲ ဆက်လက်လေ့လာကြရန်ဖြစ်ပါသည်။ ။



တက္ကသိုလ်အဆင့် ဘတ်စကက်ဘောပြိုင်ပွဲ အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။

> **❝အားကစားကြောင့် အကျိုးကျေးဇူးများအနက်မှ တစ်ခုဖြစ်သည့် အပြန်အလှန် အသိအမှတ်ပြုတတ်လာခြင်းမှတစ်ဆင့် အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုများလည်း ရရှိလာပါသည်။ ထိုအလေ့အကျင့်မျိုးက နောက်ပိုင်းမှာ သူ့ကိုးကွယ်မှု၊ သူ့ယုံကြည်မှု၊ ကိုင်းရှိုင်းမှု၊ သူ့ယဉ်ကျေးမှု၊ ကိုယ့်ယဉ်ကျေးမှု ၊ ဓလေ့ထုံးစံများဆိုသည်ကို မစော်ကား လေးစားတတ်လာပြီး နားလည်လက်ခံမှုအပြည့်ဖြင့် အပြန်အလှန် အသိအမှတ်ပြုတတ်လာသည့် spiritual intelligence နှင့် cultural intelligence များအထိ ရရှိလာခြင်းဖြစ်❞**

---

**အမှုခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အမှုခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism -NCM) ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အမှုခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်**

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အမှုခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံး လိုက်နာဆောင်ရွက်ခဲ့ပြီး အမှုခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာ အထောက်အကူပြုနိုင်ရန် ၂၀၀၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အမှုခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အမှုခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) ကို ၂၀၂၀ ပြည့်နှစ်တွင်ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အမှုခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အမှုခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အမှုခိုင်းစေမှုဆိုင်ရာတိုင်ကြားချက်များကို အမျိုးသားအဆင့် အမှုခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆို အမှုခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန၊ ရုံးအမှတ်(၅၁)၊ နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gmail.com, research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အမှုခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အမှုခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

## မွန်ပြည်နယ်ဝန်ကြီးချုပ် သမိုင်းဝင်(၁၆)ဌာန ကျိုက်ဆေကလောင် ရှေးဟောင်းစေတီတော်မြတ်ကြီး ပြန်လည်မွမ်းမံပြုပြင်နိုင်ရေးကြည့်ရှု

**ပေါင် နိုဝင်ဘာ ၉**

မွန်ပြည်နယ်အတွင်း ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အဦများတွင် သာယာလှပမှုရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၉ ရက်က မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမတောင်ရိုးတန်း၌ တည်ထားကိုးကွယ်တော်မူသည့် သမိုင်းဝင် (၁၆) ဌာန ကျိုက်ဆေ ကလောင် ရှေးဟောင်းစေတီတော်မြတ်ကြီး ပြန်လည်မွမ်းမံပြုပြင်နိုင်ရေးအတွက် ကြည့်ရှုသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မုတ္တမကျေးရွာအုပ်စု ဇေတဝန်ရပ်ကွက်ရှိ ကျိုက်ဆေကလောင် ရှေးဟောင်းစေတီတော်မြတ်ကြီးတွင် သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ပြီး စေတီတော်မြတ်ကြီးအား ရှေးဟောင်းမူမပျက် အတိုင်း ပြန်လည်မွမ်းမံပြုပြင်ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျိုက်ဆေကလောင် ရှေးဟောင်းစေတီတော်မြတ်ကြီးကို လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းကုသိုလ်ယူ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**



## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပြည်မြို့၌ ဖူဆယ်အားကစားရုံ တက်ရောက်ဖွင့်လှစ်

**ပြည် နိုဝင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့က ပြည်မြို့၌ ဖူဆယ်အားကစားရုံကို တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ စီးပွားရေးရာဝန်ကြီး ဦးတင်ဦး၊ လမ်းပန်းဆက်သွယ်ရေးရာ ဝန်ကြီး ဦးတင်ဆွေ၊ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်တို့က ပြည်မြို့ ရွာဘဲရပ်ကွက် မူယာပင်နယ်မြေ လေးထပ်ပြင် ဖူဆယ် အားကစားကွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လေးထပ်ပြင် ဖူဆယ် အားကစားရုံ၏ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဖူဆယ် အားကစားရုံ၌ ဖူဆယ်အားကစားအတွက် ဘောလုံးများ ပေးအပ်ခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖူဆယ် ဘောလုံးပြိုင်ပွဲကို စပေးဘောလုံးကန်၍ ဖွင့်လှစ်ပေးခဲ့ပြီး မြို့နယ် ရဲတပ်ဖွဲ့အသင်းနှင့် မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်းအသင်းတို့ ယှဉ်ပြိုင်နေမှုအား ကြည့်ရှုအားပေးခဲ့ကာ ပွဲကြည့်စင်များ တိုးချဲ့တည်ဆောက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ပြည်မြို့၌ ဖူဆယ် အားကစား မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရေးနှင့် လေးထပ်ပြင် ဖူဆယ်အားကစားကွင်းကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် သန်း ၉၉ ဒသမ ၅၀ ဖြင့် တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီး ကိုယ်စားပြု ဘိလီယက်နှင့်စနူကာအသင်း စခန်းသွင်းလေ့ကျင့်နေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး (ဝဲပုံ) လိုအပ်သည်များ ဆောင်ရွက်ပေးကာ အားကစားသမားများအတွက် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မီးခိုးမြူငွေ့လျှော့ချရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လျော့နည်းစေရေးပညာပေးဟောပြော

**မော်လမြိုင် နိုဝင်ဘာ ၉**

မွန်ပြည်နယ် သစ်တောဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လျှော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၈ ရက်က ကျင်းပသည်။



ဟောပြောပွဲသို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အဆိုပါ ဟောပြောပွဲတွင် မော်လမြိုင်-သထုံခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်ထူးက ရာသီဥတု ပြောင်းလဲလာခြင်း၊ ရာသီဥတု ပြောင်းလဲခြင်းကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာခြင်း၊ ရာသီဥတု ပြောင်းလဲခြင်းကို လျှော့ချရမည့် နည်းလမ်းများ၊ သစ်ပင်စိုက်ပျိုးပြုစု၊ ထိန်းသိမ်းခြင်းဖြင့် ရာသီဥတု ကောင်းမွန်လာစေခြင်း မြန်မာနိုင်ငံ ဒီရေတောများ၊ ပျက်စီးရသည့် အကြောင်းရင်းများနှင့် ဒီရေတောများ စီမံအုပ်ချုပ်သည့် နည်းလမ်းများကိုလည်းကောင်း၊ ပြည်နယ်လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက မီးခိုးမြူငွေ့ ဖြစ်ပေါ်လာသည့် အချက်များ၊ ကာကွယ်နိုင်သည့် နည်းလမ်းများကို လည်းကောင်း ဟောပြောကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## ပင်လောင်းမြို့နယ် ရေခေါက်ကျေးရွာ၌ VDP စီမံကိန်းဖြင့် စိမ့်စမ်းရေအမြင့်တင် ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ပင်လောင်း နိုဝင်ဘာ ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် မင်းဘူးကျေးရွာအုပ်စု ရေခေါက်ကျေးရွာ၌ စိမ့်စမ်းရေအမြင့်တင်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်း၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ရေခေါက်ကျေးရွာ၌ ရေထွက်ပင်ရင်းမှ ကျေးရွာအရောက် အရှည်ပေ ၃၀၀၀ ရှိ စိမ့်စမ်းရေအမြင့်တင်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာသူကျေးရွာသားများအနေဖြင့် ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးလက်ရေရရှိရေးလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၀၃ သန်း အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ဩဂုတ်လဒုတိယအပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ အိမ်ခြေ ၁၀၄ အိမ်၊ လူဦးရေ ၅၃၀ တို့အတွက် သောက်ရေ သုံးရေများ ဖူလုံစွာရရှိခဲ့ကြောင်း သိရသည်။

**မောင်နိုင်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများလိုက်နာရန် ညွှန်ကြားချက်ရှင်းလင်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက် ရှင်းလင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၈ ရက်က အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာအောင်မြင့်ဟန်က တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ညွှန်ကြားချက်အမှတ် (၅/၂၀၁၉) တို့ကို ရှင်းလင်းပြောကြားကာ တိရစ္ဆာန် ဆေးကုခန်းများ လုပ်ကိုင်ခွင့် ခွင့်ပြုလက်မှတ်လျှောက်ထားခြင်းကို နိုဝင်ဘာ ၂၂ ရက် နောက်ဆုံးထားလျှောက်ထားရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် တိရစ္ဆာန်ဆေးကုခန်းများ မှတ်ပုံတင်ရန်လျှောက်လွှာနှင့် ညွှန်ကြားချက်များကို ဖြန့်ဝေပေးပြီး တက်ရောက်လာသူများက သိလိုသည်များ ဆွေးနွေးမေးမြန်းပြီးနောက် တိုင်းဒေသကြီးဦးစီးမှူးက မေးမြန်းသည်များကို ပြန်လည် ဖြေကြားသည်။

**ဉာဏ်လင်း**

# ထရမ့်ကိုလုပ်ကြံရန် ပူးပေါင်းကြံစည်မှုတွင် အီရန်ပါဝင်ဟု အမေရိကန် တရားရေးဝန်ကြီးဌာန ပြော

**ဝါရှင်တန် နိုဝင်ဘာ ၉**

အီရန်နိုင်ငံတွင် နေထိုင်သော အာဖဂန်နိုင်ငံသား တစ်ဦးသည် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်အပါအဝင် အမေရိကန်နိုင်ငံရှိ ပစ်မှတ်ထားသူများအား ပူးပေါင်းလုပ်ကြံသတ်ဖြတ်ရာတွင် ပါဝင်ပတ်သက်မှုရှိကြောင်း အမေရိကန်တရားရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။



ရွေးကောက်ပွဲမဲဆွယ်ကာလအတွင်း သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် ထရမ့်ကို တွေ့ရစဉ်။

အမေရိကန်သတင်းထောက်တစ်ဦးကို လုပ်ကြံသတ်ဖြတ်ရန် ပူးပေါင်းကြံစည်မှုဖြင့် အသက် ၅၁ နှစ်အရွယ် ဖာဟတ်ရှကာရီနှင့် ၎င်း၏ အပေါင်းအပါနှစ်ဦးတို့ကို နယူးယောက်မြို့၌ နိုဝင်ဘာ ၈ ရက်က တရားစွဲဆိုခဲ့ကြောင်း အဆိုပါဌာနက ပြောသည်။

ပစ်မှတ်ထားသူများကို စောင့်ကြည့်ကာ သေနတ်ပစ်ခတ်ရန် ကြံစည်နေသည်ဟုဆိုကာ နှစ်ဦးကို နယူးယောက်မြို့၌ ဖမ်းဆီးခဲ့ကြောင်း၊ ၎င်းတို့သည် အီရန်တော်လှန်ရေးအစောင့်တပ်မှ ညွှန်ကြားထားသော ရှကာရီနှင့် အဆက်အသွယ်ရှိပုံရကြောင်း သိရသည်။

သမ္မတရွေးကောက်ပွဲ မဲဆွယ်ကာလအတွင်း ထရမ့်အား လုပ်ကြံသတ်ဖြတ်ရန် တော်လှန်ရေးအစောင့်တပ်က ၎င်းကို ခိုင်းစေခဲ့ကြောင်း တယ်လီဖုန်းအင်တာဗျူးတစ်ခုတွင် ရှကာရီက ဖက်ဒရယ်စုံစမ်းစစ်ဆေးရေးဗျူရိုသို့ ပြောသည်။ ထို့ပြင် သတ်မှတ်ချိန်အတွင်း လုပ်ကြံမှုအစီအစဉ် အကောင်အထည်မဖော်နိုင်ခဲ့လျှင် ရွေးကောက်ပွဲပြီးမြောက်သည်အထိ ခေတ္တရပ်နားထားရမည်ဖြစ်ကြောင်းကိုလည်း ၎င်းကို မှာကြားခဲ့ကြောင်း ရှကာရီက ဆက်ပြောသည်။

အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အက်စ်မေးလ် ဘာကေးအီက လုံးဝအခြေအမြစ်မရှိဟုဆိုကာ နိုဝင်ဘာ ၉ ရက် ထုတ်ပြန်ချက်တွင် စွပ်စွဲထားမှုကို ငြင်းဆိုခဲ့သည်။ ထို့ပြင် ၎င်းက အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား ဆက်ဆံရေးကို ရှုပ်ထွေးသွားစေရန် ဇီယွန်နစ်ဝါဒီနှင့် အီရန်ဆန့်ကျင်ရေးအသိုင်းအဝိုင်းများ၏ စက်ဆုပ်ဖွယ်ရာပူးပေါင်းကြံစည်မှုဖြစ်ကြောင်း ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

## ထရမ့်လက်ထက်တွင် အမေရိကန်နှင့် ခိုင်မာသော ဆက်ဆံရေး ထိန်းထားနိုင်ရန် အီးယူဆွေးနွေး

**ဘူဒါပက် နိုဝင်ဘာ ၉**

အမေရိကန်သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်ထရမ့် အနိုင်ရရှိခဲ့ပြီးနောက် အမေရိကန်နှင့် ခိုင်မာသည့်ဆက်ဆံရေး ဆက်လက်ထားရှိနိုင်ရေး ဥရောပခေါင်းဆောင်များ ဆွေးနွေးခဲ့ကြသည်။

**မူဝါဒများပြောင်းလဲမည်ကိုစိုးရိမ်**

လာမည့်နှစ်အိမ်ဖြူတော်သို့ ဒေါ်နယ်ထရမ့် ပြန်လည်ရောက်ရှိလာသည့်အခါ လက်ရှိမူဝါဒများ ပြောင်းလဲမည်ကို စိုးရိမ်နေကြသည်။ ဥရောပသမဂ္ဂ ခေါင်းဆောင်များသည် နိုဝင်ဘာ ၈ ရက်က ဟန်ဂေရီနိုင်ငံ မြို့တော်ဘူဒါပက်၌ တွေ့ဆုံခဲ့ကြသည်။ အမေရိကန်နှင့်ဆက်ဆံရေးခိုင်မာလိုကြောင်း ဥရောပကောင်စီဥက္ကဋ္ဌ ချားလ်မိုက်ကယ်က သတင်းထောက်များကို ပြောသည်။

**ပါရီသဘောတူညီမှုမှ နောက်တစ်ကြိမ်ထွက်ခွာရန် အစီအစဉ်ရှိ**

အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသည့် ဒေါ်နယ်ထရမ့်သည် ရာသီဥတုပြောင်းလဲမှုအတွက် ဥရောပသမဂ္ဂ၏ ကြိုးပမ်းအားထုတ်မှုများကိုမယုံကြည်ကြောင်း၊ ၎င်းသည် ပါရီရာသီဥတုပြောင်းလဲရေးသဘောတူညီမှုမှ နောက်တစ်ကြိမ် ထွက်ခွာရန် အစီအစဉ်ရှိကြောင်း ပြောကြားခဲ့သည်။

ဥရောပကုမ္ပဏီများအနေဖြင့် ပို၍ယှဉ်ပြိုင်စေနိုင်မည့်နည်းလမ်းကို ဥရောပခေါင်းဆောင်များ ဆွေးနွေးသွားဖွယ်ရှိသည်။ သွင်းကုန်ပစ္စည်းများကို အခွန်စည်းကြပ်မှုတိုး၍ ပြုလုပ်ရန်လည်းအစီအစဉ်ရှိကြောင်း ထရမ့်ကပြောသည်။ **အင်န်အိတ်ချ်ကေ**

## ဟေတီနိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းဆက်လက်ဆိုးရွားလျက်ရှိ

**ဂျီနီဗာ နိုဝင်ဘာ ၉**

ဟေတီနိုင်ငံတွင် ဆက်တိုက်ဖြစ်ပေါ်နေသော ပဋိပက္ခများကြောင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းမှာ ဆက်လက်ဆိုးရွားလျက်ရှိကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်သော နေ့စဉ် သတင်းစာရှင်းလင်းပွဲ၌ ပြောသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေး၏ထုတ်ပြန်ချက်အရ ဟေတီနိုင်ငံ၌ယခုနှစ်ဇန်နဝါရီလနှင့် စက်တင်ဘာလကြားတွင် လူပေါင်း ၄၉၀၀ နီးပါးသေဆုံးမှုဖြစ်ပွားကြောင်း၊ ထို့ပြင် လူပေါင်း ၇၀၀၀၀၀ ကျော်မှာလည်း ပြည်တွင်းနေရပ်စွန့်ခွာ ထွက်ပြေးကြရကြောင်းနှင့် ထက်ဝက်ကျော်မှာ ကလေးငယ်များဖြစ်ကြောင်း သိရသည်။

စားရေရိက္ခာ မလုံလောက်မှု ဆက်လက် မြင့်မားလျက်ရှိပြီး နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ဖြစ်သည့် လူပေါင်း ၅ ဒသမ ၄ သန်းခန့်မှာ ဆာလောင်မွတ်သိပ်မှုဘေးနှင့် ကြုံတွေ့နေရသည်ဟု ဆိုသည်။ ဟေတီနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး ရစ်ချတ်ဆန်သည် ဟေတီနိုင်ငံ၏ အခြေအနေမှာ အလွန် ဆိုးရွားလျက်ရှိကြောင်း ယခုသီတင်းပတ်အစောပိုင်းတွင် သတိပေးထားသည်။



ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများသည် ဟေတီနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဆက်လက်ပံ့ပိုးပေးလျက်ရှိသည်။

ယခုနှစ် ပထမနှစ်ဝက်အတွင်း လူပေါင်း ၁ ဒသမ ၉ သန်းနီးပါးကို စားရေရိက္ခာနှင့် ငွေသားအပါအဝင် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ခဲ့ကြောင်း သိရသည်။

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းဆိုးရွားလျက်ရှိသော ဟေတီနိုင်ငံ၌ မြင့်မားလာသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ထောက်ပံ့ကူညီမှုများစွာ လိုအပ်လျက်ရှိသည်။ **ဆင်ဟွာ**

## ပါကစ္စတန်နိုင်ငံ ကက်တာမြို့၌ ပေါက်ကွဲမှုဖြစ်ပွားရာ ၂၀ သေဆုံးပြီး ၅၃ ဦး ဒဏ်ရာရ

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၉**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ကက်တာမြို့ ရထားဘူတာရုံ၌ နိုဝင်ဘာ ၉ ရက်နံနက်ပိုင်းက ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၂၀ သေဆုံးပြီး ၅၃ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အာဏာပိုင်များက ပြောသည်။

သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်ပေးခဲ့ကြောင်း ဆေးရုံမှ ဆေးဘက်ဆိုင်ရာ အကြီးအကဲက ပြောသည်။ ဆေးရုံအထူးကြပ်မတ်ကုသဆောင်တွင် ဆေးဝါးကုသမှုခံယူနေသူများမှာ ဒဏ်ရာပြင်းထန်ပြီး စိုးရိမ်ရသည့် အခြေအနေရှိသည့်အတွက် သေဆုံးသူဦးရေ ထပ်တိုးလာမည်ကို စိုးရိမ်နေရသည်။ ဘလိုချစ်စတန်ပြည်နယ် မြို့တော်ကက်တာရှိရထားဘူတာရုံ၌ ခရီးသည်များ ရထားလက်မှတ်ဝယ်ရန် စောင့်ဆိုင်းနေကြစဉ် လက်မှတ်ရောင်းသည့်နေရာအနီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ရဲအရာရှိ မိုဟာမက်ဘာလော့ချ်က မီဒီယာများကို ပြောသည်။

ပေါက်ကွဲမှု ဖြစ်ပွားသည့်အချိန်က လက်မှတ်ရောင်းချရာနေရာ၌ ခရီးသည် ၁၀၀ ကျော်ရှိကြောင်း အာဏာပိုင်များက ပြောသည်။ ရဲများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ကယ်ဆယ်ရေးအသင်းများသည် အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာပြီး ဒဏ်ရာရရှိသူများကို ရွှေ့ပြောင်းပေးခဲ့သည်။

ပေါက်ကွဲမှု ဖြစ်ပွားရသည့်အကြောင်းကို အတည်မပြုနိုင်သေးကြောင်းနှင့် ကနဦးစုံစမ်းစစ်ဆေးမှုများအရ အသေခံ ဗုံးခွဲတိုက်ခိုက်မှု ဖြစ်နိုင်ကြောင်း ရဲအရာရှိက ပြောသည်။

**ဆင်ဟွာ**

## လစ်ဗျားနိုင်ငံ ထရီပိုလီမြို့၌ အဆောက်အအုံပြိုကျမှုကြောင့် ရွှေ့ပြောင်းနေထိုင်သူ ခုနစ်ဦး သေဆုံး

**ထရီပိုလီ နိုဝင်ဘာ ၉**

လစ်ဗျားနိုင်ငံ ထရီပိုလီမြို့ ဂျန်ဇော ခရိုင် ရှိလူနေအဆောက်အအုံတစ်လုံး ပြိုကျခဲ့ရာ အာဖရိက ရွှေ့ပြောင်းနေထိုင်သူ ခုနစ်ဦးသေဆုံးခဲ့သည်ဟု ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (အိုင်အိုအမ်) က နိုဝင်ဘာ ၈ ရက်တွင် ပြောသည်။

အာဖရိက ရွှေ့ပြောင်းသူများနေထိုင်သည့် သုံးထပ်အဆောက်အအုံ ပြိုကျခဲ့ခြင်းဖြစ်ပြီး အမျိုးသမီးနှင့်ကလေးများအပါအဝင် ခုနစ်ဦး သေဆုံးခဲ့ကြောင်း၊ အခြားသူများကိုလည်း ကယ်တင်နိုင်ခဲ့ကြောင်း အိုင်အိုအမ်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ရွှေ့ပြောင်းနေထိုင်သူများကို ကူညီရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အာဏာပိုင်များကိုပံ့ပိုးပေးရန် အသင့်ရှိကြောင်း အိုင်အိုအမ်က ပြောသည်။ အဆောက်အအုံပြိုကျရသည့်အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်သည်။

**ဆင်ဟွာ**

## အာဖရိကတိုက်၌ မျောက်ကျောက်ရောဂါဖြစ်ပွားမှုမှာ စိုးရိမ်ဖွယ်ရာအဆင့်တွင် ရှိနေသေး

**အဒစ္စအဘာဘာ နိုဝင်ဘာ ၉**

အာဖရိကတိုက်သည် ယခုနှစ်တွင် လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါဖြစ်ပွားသူ အရေအတွက် ၅၀၀၀၀ ကျော်လွန်လာပြီဖြစ်သောကြောင့် မျောက်ကျောက်ရောဂါဖြစ်ပွားမှုမှာ စိုးရိမ်ဖွယ်ရာအဆင့်တွင် ရှိနေသေးကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (အာဖရိကစီဒီစီ) က သတိပေးထားသည်။

နိုဝင်ဘာ ၇ ရက် ညနေပိုင်းက အွန်လိုင်းမီဒီယာရှင်းလင်းပွဲတစ်ခုတွင် အာဖရိကစီဒီစီ ညွှန်ကြားရေးမှူးချုပ် ဂျင်းကာဆီယာက အာဖရိက ၁၉ နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားသူ ၅၀၈၄၀ နှင့် သေဆုံးသူ ၁၀၈၃ ဦးရှိကြောင်း ပြောသည်။ ပြီးခဲ့သည့် သီတင်းပတ်တစ်ခုတည်းတွင် အာဖရိကတိုက်၌ မျောက်ကျောက်ရောဂါ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၅၃၂ ဦးနှင့် ထပ်မံသေဆုံးသူ ၃၂ ဦးရှိကြောင်း သိရသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနှင့် ဘူရွန်ဒီနိုင်ငံတို့မှာ မျောက်ကျောက်ရောဂါကူးစက်မှုအဖြစ်များဆုံး နိုင်ငံများဖြစ်ကြောင်း၊ လွန်ခဲ့သည့် သီတင်းပတ်အတွင်း ရောဂါထပ်မံဖြစ်ပွားသူ စုစုပေါင်း၏ ၈၆ ဒသမ ၇ ရာခိုင်နှုန်းရှိကြောင်း ကာဆီယာက ပြောသည်။

**ဆင်ဟွာ**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပ

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၉**

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်း (ဆင်ပေါင်ဝဲ) ၌ ကျင်းပသည်။

ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းသိန်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းအတွင်းရှိ ခင်းကျင်းပြသထားသည့် ဂိမ်းကစားပြိုင်ပွဲများ၊ ကျောင်းစာကြည့်တိုက်၊ စာအုပ်အရောင်းဆိုင်များ၊ လှပသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်းနှင့် ဌာနဆိုင်ရာ ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရမည့် ကျောင်းသား ကျောင်းသူလူငယ်များအား ဗလငါးတန်ပြည့်စုံစေရေး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ စာပေကို အလေးထား တန်ဖိုးထားပြီး အမှား၊ အမှန် ဝေဖန်ပိုင်းခြားတတ်စေရေး၊ စာကြည့်တိုက်များနှင့် ယဉ်ပါးလာပြီး စာဖတ်ခြင်း၊ ဗဟုသုတရှာဖွေခြင်း စသည့် အလေ့အထတွင် ပျော်မွေ့လာစေရန် ရည်ရွယ်၍ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ယခုကဲ့သို့ ပွဲတော်များ ကျင်းပခြင်းဖြစ်ကြောင်း၊ "အမျိုးသား စည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း ကျောင်းသားကျောင်းသူများအား ပညာသင်ကြားပေးခြင်းနှင့်အတူ ကျောင်းစည်းကမ်းလိုက်နာခြင်းမှ အစပြု၍ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသား အလေ့အကျင့်ကောင်းများ ကိန်းအောင်းလာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် လိုအပ်ကြောင်းနှင့် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် အသိပညာဗဟုသုတရှာမှီးနိုင်ရန် ကျောင်းစာကြည့်တိုက်များ၊ ရပ်ရွာစာကြည့်တိုက်များ ဖွံ့ဖြိုးရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို ယခုလို အလေးထားဆောင်ရွက်ပေးနေသည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က စာပေဟောပြောပွဲတွင် ပါဝင်ကူညီခဲ့သည့် စာရေးဆရာ ဦးစက်အောင်အား အမှတ်တရလက်ဆောင်ပေးအပ်ကာ ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ လှူဒါန်း၍ သီဆိုဖျော်ဖြေခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် ပုံပြောပြိုင်ပွဲတွင် ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။ အဆိုပါကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် အထက်တန်းအဆင့် စကားရည်လုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာပေဟောပြောပွဲနှင့် စာဖတ်ဝိုင်းများအပြင် လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြခန်း၊ စာအုပ်အရောင်းဆိုင်များ၊ ဂိမ်းကစားပြိုင်ပွဲများကို ထည့်သွင်းကျင်းပခဲ့ကာ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ်ဒိုးအကပြိုင်ပွဲ ကြည့်ရှုအားပေး

**ဘားအံ နိုဝင်ဘာ ၉**

(၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒိုးအကပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှစ၍ ဒိုးအဖွဲ့ပေါင်း ၁၉ ဖွဲ့ဖြင့် ဘားအံမြို့ သီရိကွင်းဒိုးစင်မြင့်၌ ညစဉ်ကပြဖျော်ဖြေယှဉ်ပြိုင်လျက်ရှိသည်။

ဒိုးအကပြိုင်ပွဲ စတုတ္ထညအနေဖြင့် နိုဝင်ဘာ ၈ ရက် ညခင်းပိုင်းက ပိုင်ကျုံတိုက်နယ် ကိုယ်စားပြု စုပေါင်းဒိုးအဖွဲ့၊ BGF အမှတ်(၁) စစ်ဒေသရုံး ကိုယ်စားပြုဒိုးအဖွဲ့၊ မိဖိတိုက်နယ် စုပေါင်းဒိုးအဖွဲ့၊ မြဝတီမြို့နယ် စုပေါင်းဒိုးအဖွဲ့၊ မြို့တော်စုပေါင်းဒိုးအဖွဲ့၊ အိန္ဒူတိုက်နယ်ကိုယ်စားပြု လွန်း ညဒိုးအဖွဲ့၊ ရသေ့ပျံကျေးရွာစုပေါင်းဒိုးအဖွဲ့၊ ကော့ကရိတ်မြို့နယ် စုပေါင်းဒိုးအဖွဲ့၊ ဒိုရင်းတိုက်နယ် ကိုယ်စားပြု လှိုင်ကမ္ဘာကျေးရွာဒိုးအဖွဲ့၊ ကော့ပရံ ဘုန်းတော်ကြီးသင်ပညာ ရေးကျောင်း ဒိုးအဖွဲ့တို့က ဖားစည်၊ ကျွဲချို၊ အိုးစည်၊ ဘင်၊ နှဲ၊ မောင်း၊ စည်းဝါး၊ လင်ကွင်းတို့ကို တီးမှုတ်၍ ကရင်တိုင်းရင်းသားတို့၏ လူနေမှုဘဝများ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ ခေတ်ကာလအတွင်း ကြုံတွေ့ရသည့် အခြေအနေများကို ရေးစပ်သီကုံးထားသည့်ကရင်တေးသီချင်းများကို သံပြိုင်သီဆို၍ ကပြယှဉ်ပြိုင်နေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တိုင်းရင်းသားပြည်သူများ ကြည့်ရှုအားပေးကြပြီး **(အပေါ်ပုံ)** ဒိုးအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။





(၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အနေဖြင့် ကရင်ရိုးရာဒိုးအကပြိုင်ပွဲ၊ အထူးကြားပွဲ၊ ရိုးရာအောင်လံလုပွဲနှင့် စာချုပ်စိန်ခေါ်ပွဲများ ပါဝင်သော ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ အကအလှများပါဝင်သော ကရင်မြန်မာဇာတ်သဘင်ပွဲ၊ အသေးစား၊ အလတ်စားနှင့် အငယ်စားစက်မှုလုပ်မှုလုပ်ငန်း (MSMEs) ထုတ်ကုန် အရောင်းပြခန်းများ၊ အဝတ်အထည်၊ လူသုံးကုန် ကုန်ပစ္စည်းများ၊ ဒေသအစားအစာများနှင့် မုန့်ဈေးတန်းများတွင် ပြည်တွင်းခရီးသွား ဧည့်သည်များဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် **"Amplifying the leadership of persons with disabilities for an inclusive and sustainable future"**ကို **"အနာဂတ်မှာ အားလုံးရေရှည်တည်တံ့ရေး မသန်စွမ်းသူများခေါင်းဆောင်နိုင်မှု မြှင့်တင်ပေး"** ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက် သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဆောင်းပါးတွင် အောက်ဖော်ပြပါအချက်များ ထည့်သွင်းရေးသားသင့်ပါသည်-

(က) မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်မှုများ၊

(ခ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊

(ဂ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊

(ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင် ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊

(င) နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊

(စ) မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့နှင့် စပ်လျဉ်း၍ ထင်မြင်ယူဆချက် ( ဥပမာ - မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူနေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်၏ အဓိပ္ပာယ်)

(ဆ) မသန်စွမ်းသူများ၏ အခွင့်အရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ SDGs နှင့် ချိတ်ဆက်နေကြောင်း ရှင်းလင်းတင်ပြချက်၊

(ဇ ) အကြံပြုချက်များ၊

(ဈ ) သတ်မှတ်ချက် - ပြိုင်ပွဲဝင်ဆောင်းပါးသည်ကွန်ပျူတာဖြင့်ဆိုပါက Pyidaungsu Font 13 ဖြင့် A4 (၄) မျက်နှာထက် မပိုစေရ၊ လက်ရေးစာမူဖြစ်ပါက A4 (၆) မျက်နှာထက် မပိုစေရ။

၃။ ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail- vulnerablegroup.dor@gmail.com တို့ထံ ဆက်သွယ်၍ (၁၄.၁၁.၂၀၂၄)ရက်၊ ကြာသပတေးနေ့၊ ညနေ(၁၆:၀၀) နာရီအထိ နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ပါသည်။

၄။ ပေးပို့လာသည့် ဆောင်းပါးစာမူတို့ကို ဆောင်းပါး(စာမူ)စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ**

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူ ဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့် ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှရွှေ့ဆိုင်းခွင့် ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူ ဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။



## အဏ္ဏဝါညစ်ညမ်းခြင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၉**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အထက်တန်းကျောင်း (ကျိုက္ခမီ) တို့တွင် နိုဝင်ဘာ ၈ ရက်က အဏ္ဏဝါညစ်ညမ်းခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးခိုင်ကျော်က အဏ္ဏဝါ ညစ်ညမ်းခြင်း၏အကျိုးသက်ရောက်မှုများ၊ ညစ်ညမ်းရခြင်း အကြောင်းအရင်းများ၊ ညစ်ညမ်းမှုမဖြစ်ပေါ်စေရန် ရှောင်ကြဉ်ရမည့်အချက်များ၊ ညစ်ညမ်းမှုမဖြစ်စေရန် လုပ်ဆောင်ရမည့်အချက်များ စသည်တို့ကို ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

❑ *ကျောဖုံးမှ*

ရဲထွန်းနောင်က ပထမ(ရွှေတံဆိပ်)၊ ဖိလစ်ပိုင်မှ ဒုတိယ(ငွေ)၊ အိန္ဒိယမှ တတိယ (ကြေး) တံဆိပ်ဆု ရရှိခဲ့သည်။

ရဲထွန်းနောင်သည် ၇၅ ကီလိုတန်းတွင် ပထမဆုရရှိသည့်အတွက် နိုဝင်ဘာ ၁၀ ရက်တွင် Over Oll Championship ပြိုင်ပွဲသို့ ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(၁၅) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် နိုင်ငံပေါင်း ၄၁ နိုင်ငံမှ အားကစားသမား ၃၀၀ ခန့် ပါဝင် ပြီး ပြိုင်ပွဲအမျိုးအစား ၅၀ တန်း ကျင်းပခဲ့ကာ မြန်မာမှ ၇၅ ကီလိုတစ်တန်းသာဝင်ရောက ်ယှဉ်ပြိုင် ခဲ့ကြောင်း သိရသည်။

**အာကာစိုး**

---

❖ *ကျောဖုံးမှ*

အဆိုပါ ပွဲစဉ်မှာ စပိန်လာလီဂါ ပွဲစဉ် (၁၃) ကို ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ပြီး ပရိသတ် ၇၂၀၀၀ လာရောက် ကြည့်ရှုခဲ့သည်။ ဦးဆောင်သူ ဘာစီလိုနာအသင်းနှင့် ရမှတ်ကွာဟမှုလျှော့ချရန် အားထားရသည့် ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာသော ရီးရဲမက်ဒရစ်အသင်းသည် ပြိုင်ဘက် အိုဆာဆူနာအသင်းကို ပထမပိုင်းပွဲချိန် ၃၄ မိနစ်နှင့် ၄၂ မိနစ်တွင် ဗင်နီစီးယပ်စ်နှင့် ဘဲလင်ဂမ်တို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုးပြတ် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း အိမ်ရှင် ရီးရဲမက်ဒရစ် အသင်းကသာ တစ်ဖက်သတ် ဖိအားပေးကစားနိုင်ခဲ့ပြီး သွင်းဂိုးများ ရယူနိုင်ခဲ့သည်။ အိုဆာဆူနာအသင်းက ရီးရဲမက်ဒရစ်အသင်း၏ ဖိအားပေး တိုက်စစ်ဆင် ကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ပွဲချိန် တစ်လျှောက် ဂိုးကန်သွင်းမှု တစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်အထိ ခြေစွမ်းကျဆင်းခဲ့သည်။ ပွဲချိန် ၆၁ မိနစ်နှင့် ၆၉ မိနစ်တွင် ရီးရဲမက်ဒရစ် အသင်းအတွက် သွင်းဂိုးများကို ဗင်နီစီးယပ်စ် တစ်ဦးတည်းက သွင်းယူပေးနိုင်ခဲ့သည်။ ရီးရဲမက်ဒရစ်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် လာလီဂါ ၁၂ ပွဲတွင် ရှစ်ပွဲနိုင်၊ သုံးပွဲသရေနှင့် တစ်ပွဲရှုံးရလဒ်ရရှိထားသည်။ ပြိုင်ဘက် အိုဆာဆူနာအသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ခြောက်ပွဲနိုင်၊ သုံးပွဲသရေနှင့် လေးပွဲရှုံး ရလဒ်ရရှိထားသည်။

**အောင်ဇော်**

---

❍ *ကျောဖုံးမှ*

အာဆီယံဖူဆယ်ပြိုင်ပွဲကျင်းပမည့် ဖိလစ်ပိုင်နိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ ၂၀၂၄ အာဆီယံ အမျိုးသမီးဖူဆယ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက်မှ ၂၁ ရက်အထိ ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းအပါအဝင် ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားအသင်းတို့ ငါးသင်းပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

ပတ်လည်ကစားအပြီးတွင် အဆင့် ၁ နှင့် ၂ နေရာရအသင်းတို့က ဗိုလ်လုပွဲ၊ အဆင့် ၃ နှင့် ၄ နေရာရအသင်းတို့က တတိယနေရာလုပွဲ ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းကို နည်းပြချုပ်အဖြစ် ဦးဒွေးမြင့်က ကိုင်တွယ်နေသည်။ ဦးဒွေးမြင့်သည် မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်း နှစ်သင်းစလုံးကို နည်းပြချုပ်အဖြစ် ဆောင်ရွက်ခဲ့ဖူးသူဖြစ်ပြီး ၎င်းကိုင်တွယ်ရာတွင် အမျိုးသမီးဖူဆယ်လက်ရွေးစင်အသင်းကို ၂၀၁၁ အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် ကြေးတံဆိပ်ဆု၊ အမျိုးသားဖူဆယ်လက်ရွေးစင်အသင်းကို ၂၀၁၆ အာဆီယံ ဖူဆယ်ပြိုင်ပွဲတွင် ဒုတိယဆု၊ ၂၀၁၇ အာဆီယံ ဖူဆယ်ပြိုင်ပွဲတွင် တတိယဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကာ မြန်မာဖူဆယ်သမိုင်းတွင် လက်ရွေးစင် အမျိုးသားနှင့် အမျိုးသမီးဖူဆယ်အသင်းများကို အမြင့်ဆုံးဆုတံဆိပ်များ ရယူပေးနိုင်ခဲ့သူဖြစ်သည်။

**ရဲရင့်လွင်**

# တရားမဝင်ကုန်သွယ်မှု၏ နောက်ဆက်တွဲဆိုးကျိုးများ

**ဖိုးအောင်**

တရားမဝင်ကုန်သွယ်မှုဆိုသည်မှာ **“နိုင်ငံတကာ ဥပဒေများအရ သတ်မှတ်ထားသည့် တရားမဝင် ကုန်စည်များကို ထုတ်လုပ်ခြင်း၊ ဝယ်ယူခြင်း၊ ပို့ဆောင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ လွှဲပြောင်းခြင်း၊ လက်ခံခြင်း၊ လက်ဝယ်ထားရှိခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းနှင့် အဆိုပါဆောင်ရွက်ချက်များကို အားပေးရန် ရည်ရွယ်သည့် မည်သည့်လုပ်ဆောင်မှု ကိုမဆို တရားမဝင်ကုန်သွယ်မှု”**ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

တရားမဝင်ကုန်သွယ်မှုပြုလုပ်သည့် ကိစ္စရပ်များ ခွဲခြမ်းစိပ်ဖြာကြည့်လျှင် နည်းလမ်းနှစ်ခုကို တွေ့မြင်ရသည်။ ပထမနည်းလမ်းမှာ နယ်စပ်ဝင်ပေါက်များရှိ ကုန်သွယ်ရေးလမ်းကြောင်းတွင်ရှိသော စစ်ဆေးရေးစခန်း၊ ဂိတ်များအား ရှောင်ကွင်းပြီး သယ်ဆောင်၍ လည်းကောင်း၊ တရားဝင်တင်သွင်းတင်ပို့ခွင့်ပြုသော ကုန်ပစ္စည်းများနှင့် ရောနှော၍ လည်းကောင်း၊ သိုဝှက်၍လည်းကောင်း၊ ဒေသထွက်ကုန်ပစ္စည်းများ သယ်ဆောင်မှုများ၌ ရောနှော၍ လည်းကောင်း၊ ခရီးသည်ယာဉ်များတွင် ဖုံးအုပ်သိုဝှက်၍ လည်းကောင်း စသည့် သယ်ဆောင်သည့် နည်းလမ်းဖြစ်သည်။

ဒုတိယနည်းလမ်းမှာ ပြည်တွင်းကမ်းရိုးတန်းစက်လှေများ၊ ဆိပ်ကမ်းများ၊ လေဆိပ် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများတွင် ခွင့်ပြုထားသည့် အရေအတွက်ထက် ပိုမိုသယ်ဆောင်ခြင်း၊ အခွန်ပေးဆောင်ထားသည့် ကုန်ပစ္စည်းများနှင့် အခွန်မဆောင်သည့် ကုန်ပစ္စည်းများ ရောနှောသယ်ဆောင်ခြင်း၊ ကုန်ပစ္စည်းများ၏ အမှန်တန်ဖိုးလျှော့နည်းဖော်ပြခြင်းနှင့် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် ခွင့်ပြုထားသည့် ခရီးသည်ဝန်စည်များ၌ ရောနှောသိုဝှက်သယ်ဆောင်ခြင်း၊ e-Commerce လမ်းကြောင်းမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့ လုပ်ငန်းများအား အသုံးပြု၍ ပါဆယ်ထုပ်ငယ်များဖြင့် တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်ခြင်း စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်ကြောင်း သိရသည်။

နည်းလမ်းမျိုးစုံအသုံးပြု၍ တရားမဝင်ကုန်သွယ်မှုများဆောင်ရွက်ခြင်းကြောင့် ဆေးဝါးအတုများ၊ ကုန်ပစ္စည်းအမှတ်တံဆိပ်အတုများ၊ အရည်အသွေးမပြည့်မီသည့် စားသောက်ကုန်များ ဈေးကွက်အတွင်း ဝင်ရောက်လာပြီး စားသုံးသူပြည်သူများသုံးစွဲမိပါက အသက်သေဆုံးနိုင်ခြင်း၊ ကျန်းမာရေးဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ခြင်း၊ နာတာရှည်ရောဂါဖြစ်ပွားခြင်းများ ကြုံတွေ့ခံစားရနိုင်သည့်အပြင် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်ငွေများ နစ်နာဆုံးရှုံးရသည်ကား အမှန်ပင်ဖြစ်သည်။ တစ်ဖက်အိမ်နီးချင်းနိုင်ငံများ၏ ကုန်သွယ်မှုပမာဏ ကိန်းဂဏန်းများအား နှိုင်းယှဉ်ကြည့်ပါက (ဥပမာ-မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ) တို့၏ ကုန်သွယ်မှုပမာဏခြားနားသဖြင့် တရားမဝင် ကုန်သွယ်မှုပမာဏ များစွာရှိနေကြောင်း တွေ့ရမည်ဖြစ်သည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးမှုမရှိစေရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များဖွဲ့စည်း၍ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်၌ စစ်ဆေးရေးစခန်း၊ ဂိတ်များဖွင့်လှစ်ခဲ့ပြီး ထိထိရောက်ရောက် စစ်ဆေးအရေးယူမှုများ ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ကုန်သည်လုပ်ငန်းရှင်များ၊ မော်တော်ယာဉ်အသင်းများအား တရားမဝင်ကုန်သွယ်မှုများ မပြုလုပ်စေရေးအတွက် အသိပညာပေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

တရားမဝင်ကုန်သွယ်မှုများအား ထိထိရောက်ရောက်ကာကွယ်တားဆီးမှု မပြုနိုင်ပါက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေနိုင်သကဲ့သို့ ပြည်သူ့ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးများကိုပါ ထိခိုက်စေနိုင်ကြောင်း စသည့် တရားမဝင်ကုန်သွယ်မှုကြောင့် ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဆိုးကျိုးများအား ပြည်သူတစ်ရပ်လုံးသိမြင်မှသာလျှင် ဝိုင်းဝန်းပူးပေါင်း၍ တားဆီးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

စာရေးသူမြင်သည့် တရားမဝင်ကုန်သွယ်မှုကြောင့်ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ ဆိုးကျိုးများကို ပြည်သူလူထုထံသို့ တင်ပြလိုပါသည်။

ပထမအချက်မှာ ပြည်သူလူထု၏ ကျန်းမာရေး ထိခိုက်မှုဖြစ်သည်။ ကျန်းမာရေးထောက်ခံချက်မရှိသော ဆေးဝါးအတုများ၊ စားသောက်ကုန်ပစ္စည်းနှင့် အလှကုန်ပစ္စည်းများကြောင့် မြန်မာနိုင်ငံတွင် ကင်ဆာရောဂါဖြစ်ပွားနှုန်းနှင့် အရေပြားရောဂါဖြစ်ပွားမှုများ ပိုမိုမြင့်တက်လာကြောင်း ကျန်းမာရေး သတင်းဆောင်းပါးများနှင့် လူမှုကွန်ရက်စာမျက်နှာများတွင် တွေ့မြင်နေရသည်။ ထို့ပြင် အရည်အသွေးမပြည့်မီသော လျှပ်စစ်ပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်းများ သုံးစွဲမိပါကလည်း ပြည်သူလူထုအတွက်များစွာ နစ်နာဆုံးရှုံးရမည်သာ ဖြစ်သည်။

ဒုတိယအချက်မှာ နိုင်ငံတော်၏ သယံဇာတပစ္စည်းများဖြစ်သော တွင်းထွက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများနှင့် မြေပေါ်မြေအောက် အခြား သယံဇာတပစ္စည်းများအား စီးပွားရေးမသမာသူများက စည်းမဲ့ကမ်းမဲ့တူးဖော်ခြင်း၊ ခုတ်ယူခြင်းများပြုလုပ်၍ တရားမဝင်သယ်ဆောင်ခိုးထုတ်ခြင်းများကလည်း နိုင်ငံတော်သာဆုံးရှုံးနစ်နာသည်မဟုတ်ဘဲ ပြည်သူပြည်သားများကိုပါ ထိခိုက်နိုင်ပါသည်။ သဘာဝအရင်းအမြစ်များအား စည်းကမ်းမဲ့ ထုတ်ယူခြင်းများကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲခြင်းဒဏ်နှင့် အခြား သဘာဝဘေးအန္တရာယ်များကို ပြည်သူလူထုများ ခံစားကြရပြီး ထိခိုက်ဆုံးရှုံးမှု များပြားသည်မှာ စာရှုသူတို့ အမြင်ပင်ဖြစ်သည်။

တတိယအချက်မှာ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာငွေများ နစ်နာဆုံးရှုံးခြင်းဖြစ်သည်။ ကုန်သွယ်မှုမှရရှိသော အခွန်ဘဏ္ဍာငွေများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပြန်လည်အသုံးပြုရမည်ဖြစ်ရာ တရားမဝင်ကုန်သွယ်မှုများပြားလျှင် အခွန်ဘဏ္ဍာငွေများ ထိခိုက်ဆုံးရှုံးရသည့်အတွက် အခြားကဏ္ဍများကိုပါ ထိခိုက်စေမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံခြားငွေသုံးစွဲမှုစီမံခန့်ခွဲရာတွင်လည်း ထိန်းချုပ်ရန်ခက်ခဲပြီး ငွေကြေးဈေးကွက်တည်ငြိမ်မှုအား ထိခိုက်နိုင်ကြောင်း တွေ့မြင်ရသည်။

စတုတ္ထအချက်မှာ တရားမဝင်ကုန်သွယ်မှုများကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို ထိခိုက်စေခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရက ပြည်တွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားကုန်ထုတ်လုပ်မှုလုပ်ငန်းများအား ဖွံ့ဖြိုးတိုးတက်လာစေရန် အားပေးဆောင်ရွက်နေသည့်အချိန်တွင် တရားမဝင် ပြည်ပကုန်ပစ္စည်းများကြောင့် ဈေးကွက်မယှဉ်ပြိုင်နိုင်ဘဲ ရေရှည်ရပ်တည်ရန် အခက်အခဲရှိလာကြမည်။ ဒ့ါအပြင် ပြည်ပနိုင်ငံများမှ တရားမဝင်ခိုးသွင်းလာသော လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် အချို့သော ကုန်ပစ္စည်းများကြောင့်လည်း ပြည်တွင်းရှိ တောင်သူများ၏ အကျိုးကိုများစွာ ထိခိုက်နစ်နာစေခဲ့သည်။

ပဉ္စမအချက်မှာ မူးယစ်ဆေးဝါးကုန်ကြမ်းများနှင့် မူးယစ်ဆေးဝါးသယ်ဆောင်မှုများသည်လည်း ပြည်သူလူထုအတွက် အလွန်အန္တရာယ်ကြီးမားသော ထိခိုက်မှုဖြစ်သည်။ စီးပွားရေးမသမာသူများက ဘယ်သူသေသေ ငတေမာလျှင်ပြီးရောဟူသော ဝိသမလောဘစိတ်ဖြင့် ကိုယ်ကျိုးရှာမည်သာဖြစ်သည်။ နယ်စပ်ဒေသများရှိ နယ်မြေတည်ငြိမ်မှုမရှိသောနေရာများတွင် တရားမဝင်လက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ ပြုလုပ်လေ့ရှိကြောင်း နိုင်ငံတော်၏ သတင်းဖော်ပြမှုများတွင် မကြာခဏကြားသိရပါသည်။

မူးယစ်ဆေးဝါးကြောင့် လူငယ်များ၏ ပညာရည်မြင့်မားရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ အသိပညာကြွယ်ဝရေး စသည့် အရည်အချင်းပြည့်ဝသည့် စွမ်းရည်မြင့်မားစေမှုများကို ကြီးစွာသော အနှောင့်အယှက်အဟန့်အတားဖြစ်စေပြီး လူငယ်များနှင့် နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုများကို များစွာထိခိုက်စေသည့် ပြဿနာတစ်ရပ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါးဈေးကွက်ကြီး ကျယ်ပြန့်လာမည်ဆိုပါက ပြည်သူလူထုတစ်ရပ်လုံး ထိခိုက်နစ်နာမည့်အရေးကို တွေးပြီး ရင်လေးမိပါသည်။

နောက်ဆုံး တွေ့မြင်ရသည့်အချက်မှာ နိုင်ငံတော်၏ လုံခြုံရေးကို ထိခိုက်ပျက်စီးစေမည့်ကိစ္စဖြစ်သည်။ ယခုအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ လုံခြုံရေးနှင့်တည်ငြိမ်ရေးကိစ္စရပ်များအား ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်နေသည့်အချိန် ဖြစ်ပါသည်။ တရားမဝင်လမ်းကြောင်းဖြင့် လက်နက်ခဲယမ်းများ၊ ပေါက်ကွဲစေတတ်သည့်ပစ္စည်းများ၊ ဖောက်ခွဲရေးသုံးပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများ သယ်ဆောင်၍ တရားမဝင်လက်နက်ကိုင် အဖွဲ့အစည်းများထံသို့ ရောက်ရှိသွားလျှင် အလွန်အန္တရာယ်ကြီးသောကိစ္စဖြစ်သည်။ မသမာသူအဖွဲ့အစည်းများက ပြည်သူပိုင် လမ်းတံတားများ၊ အဆောက်အအုံများနှင့် ကျောင်းများ၊ အစိုးရဌာနပိုင်အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်နေသည့်သတင်းများကိုလည်း မကြာခဏ ကြားသိရခြင်းကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် နစ်နာဆုံးရှုံးလှပေသည်။

အထက်ပါဆိုးကျိုးများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို အဟန့်အတားအနှောင့်အယှက်ဖြစ်စေသည့်အတွက် တရားမဝင်ကုန်သွယ်မှု၏ အလွန်ကြောက်စရာကောင်းသည့် ဆိုးကျိုးများအား ပြည်သူလူထုသိရှိစေရန် တင်ပြခြင်းဖြစ်ပါသည်။ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍ သတင်းပေးတိုင်ကြားနိုင်ရန်အတွက် နိုင်ငံပိုင်သတင်းစာများ၊ မြန်မာ့အသံနှင့် FM Radio များတွင် တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များ၊ E-mail လိပ်စာများ ဖော်ပြလျက်ရှိသည့်အပြင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များသို့ ဖုန်းဖြင့်လည်းကောင်း၊ စာဖြင့်လည်းကောင်း၊ E-mail ဖြင့် လည်းကောင်း၊ လူကိုယ်တိုင်ဖြင့်လည်းကောင်း ယုံကြည်စိတ်ချစွာ သတင်းပေး တိုင်ကြားနိုင်ပါသည်။

ပြည်သူလူထုအနေဖြင့်လည်း နိုင်ငံသားများ၏ လူမှုစီးပွားဘဝတိုးတက်လုံခြုံစေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရားမဝင်ကုန်သွယ်မှုများကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ တရားမဝင် ကုန်သွယ်မှုများ ပပျောက်သွားသည်အထိ ပူးပေါင်းပါဝင်ကူညီကြစေလိုကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

**❂ နည်းလမ်းမျိုးစုံအသုံးပြု၍ တရားမဝင်ကုန်သွယ်မှုများ ဆောင်ရွက်ခြင်းကြောင့် ဆေးဝါးအတုများ၊ ကုန်ပစ္စည်းအမှတ်တံဆိပ်အတုများ၊ အရည်အသွေးမပြည့်မီသည့် စားသောက်ကုန်များ ဈေးကွက်အတွင်း ဝင်ရောက်လာပြီး စားသုံးသူပြည်သူများ သုံးစွဲမိပါက အသက်သေဆုံးနိုင်ခြင်း၊ ကျန်းမာရေးဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်ခြင်း၊ နာတာရှည်ရောဂါဖြစ်ပွားခြင်းများ ကြုံတွေ့ခံစားရနိုင်သည့် အပြင် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်ငွေများ နစ်နာဆုံးရှုံးရသည်ကား အမှန်ပင်ဖြစ်သည်**

**❂ တရားမဝင်လမ်းကြောင်းဖြင့် လက်နက်ခဲယမ်းများ၊ ပေါက်ကွဲစေတတ်သည့် ပစ္စည်းများ၊ ဖောက်ခွဲရေးသုံးပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများ သယ်ဆောင်၍ တရားမဝင်လက်နက်ကိုင် အဖွဲ့အစည်းများထံသို့ ရောက်ရှိသွားလျှင် အလွန်အန္တရာယ်ကြီးသောကိစ္စဖြစ်သည်။ မသမာသူအဖွဲ့အစည်းများက ပြည်သူပိုင် လမ်းတံတားများ၊ အဆောက်အအုံများနှင့် ကျောင်းများ၊ အစိုးရဌာနပိုင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးခြင်းများပြုလုပ်နေသည့် သတင်းများကိုလည်း မကြာခဏကြားသိရသည့်အတွက် နိုင်ငံတော်နှင့်ပြည်သူလူထုအတွက် နစ်နာဆုံးရှုံးလှပေသည်**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင်သစ်များ တည်ဆောက်လျက်ရှိ

**လယ်ဝေး နိုဝင်ဘာ ၉**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် နေပြည်တော်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့်အတူ နိုဝင်ဘာ ၇ ရက်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင်သစ်များ တည်ဆောက်လျက်ရှိသည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့နယ် အောင်းကုန်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)တွင် တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူတည်ဆောက်နေသည့် တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ အဆိုပါလုပ်ငန်းများအတွက် (QA/QC) အဖြစ် တာဝန်ယူ ဆောင်ရွက်နေသော ကုမ္ပဏီမှ လုပ်ငန်းများ၏ အရည်အသွေးပိုင်းဆိုင်ရာ စစ်ဆေးချက်များနှင့် ပြီးစီးမှုရာခိုင်နှုန်းများကို ရှင်းလင်းတင်ပြကြသည်။



**အလေးထားဆောင်ရွက်**

ထို့နောက် နေပြည်တော်ကောင်စီဝင်က လုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွင်း အမြန်ဆုံး အပြီးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းပိုင်းဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ဆောက်လုပ်ရန် လိုအပ်ကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ချမှတ်ပေးထားသော တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်အညီ အလေးထား ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် Thant Star ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်နေသည့်ပေ ၆၀x၃၀၊ Steel Structure တစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဝေကြည်(ပြန်/ဆက်)

## မော်လမြိုင်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၉**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၈ ရက်က အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



စကားဝိုင်း ဆွေးနွေးပွဲတွင် ခရိုင်ပညာရေးမှူး ဒေါ်လှလှဌေးက လူငယ်စကားဝိုင်း ပြုလုပ်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှဝင်းက အမှာစကားပြောကြားကာ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် စာအုပ်စာပေ၊ လူငယ်နှင့် ဆိုရှယ်မီဒီယာ၊ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့်ဘဝ ရည်မှန်းချက် ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်များကို မျှဝေဆွေးနွေးကြရာ အစီအစဉ်တင်ဆက်သူက ပြန်လည်ဖြည့်စွက် ဆွေးနွေးပေးသည်။

ယင်းနောက်တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ စကားဝိုင်းပါဝင်ဆွေးနွေးသူတို့က ဖြေကြားပေးပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက စကားဝိုင်းနှင့် ပတ်သက်၍ ပြန်လည်သုံးသပ်ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## ပုသိမ်မြို့တန်ဆောင်တိုင်ပွဲတော် မြန်မာ့ရိုးရာဆီမီးပူဇော်ပွဲ ကျင်းပမည်

**ပုသိမ် နိုဝင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ တန်ဆောင်တိုင် ဆီမီးပူဇော်ပွဲကို ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်းတွင် ပုသိမ်မြို့တော်ခန်းမ ရှုခင်းသာရင်ပြင် စူဠာမဏိစေတီတော်ကို မီးရှူးမီးပန်း၊ မီးပုံးပျံများ ပစ်လွှတ်ပူဇော်ကြမည်ဖြစ်သည်။

ရှင်ဥပဂုတ္တမထေရ်မြတ်ဖောင်တော်တွင် ဂိုဏ်းပေါင်းစုံမှ ဆရာတော်ကြီး(၁၁)ပါးက မဟာသမယသုတ်တော် ရွတ်ဖတ်ပူဇော်၍ ငဝန်မြစ်အတွင်း၌ ဆီမီးတစ်သိန်း ရေမျှောပူဇော်ပွဲကျင်းပမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားပေါင်းစုံ အဆိုအကယိမ်းအဖွဲ့များနှင့် လှေလှော်သံယိမ်းအဖွဲ့များ၊ (၁၀၈)တောင် ကရင်တိုင်းရင်းသားများ၏ အိုးစည်ဒိုးပတ်အဖွဲ့နှင့် ပုသိမ်တက္ကသိုလ်၊ ပညာရေးကောလိပ်တို့မှ လုပျိုဖြူလေးများကလည်း ဖြေဖျော်ရေးလှေကြီး လှေငယ်များနှင့်ငဝန်မြစ်အတွင်း လိုက်ပါ၍ ဆီမီးရောင်စုံမျှောကြမည်ဖြစ်ပြီး စတုဒိသာမုန့်မျိုးစုံ ကျွေးမွေးလှူဒါန်းပွဲများဖြင့် စည်ကားစွာ ကျင်းပမည်ဖြစ်သည်။ ပုသိမ်လှကြည်

## ဒဂုံတက္ကသိုလ်၌ မီးခိုး၊ မြူငွေ့ လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ နိုဝင်ဘာ ၈ ရက်က ဒဂုံတက္ကသိုလ် (ဘွဲ့နှင်းသဘင်)ခန်းမ၌ မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ် အသိပညာပေးဆိုင်ရာ ဟောပြောပွဲကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် ဒဂုံတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အမှာစကားပြောကြားပြီး ရန်ကုန်မြောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးဝင်း-၁ က မီးခိုး၊ မြူငွေ့ လျှော့ချရေးခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောရာ တက်ရောက်လာသူများက သိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားပြီး မီးခိုး၊ မြူငွေ့ လျှော့ချရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေသည်။



အေးမဥ္ဇူ

## ကျိုက်ထိုမြို့နယ် အလက(ကျိုက်ပိ)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာဟောပြောပွဲပြုလုပ်

**ကျိုက်ထို နိုဝင်ဘာ ၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ နိုဝင်ဘာ ၈ ရက်က ကျိုက်ထိုမြို့ ကျိုက်ပိကျေးရွာရှိ အလက(ကျိုက်ပိ) ၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာဟောပြောပွဲကို ဆောင်ရွက်သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူသင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က စာဖတ်ရှိန်မြှင့်တင်ရေးအနေဖြင့် လူငယ်နှင့် ရည်မှန်းချက်ခေါင်းစဉ်နှင့်ကျောင်းသား ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးပြုရေး၊ ကျောင်းစာကိုကြိုးစားကြသလို ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ကျိုက်ထို(ပြန်/ဆက်)



## သထုံမြို့နယ် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြော

**သထုံ နိုဝင်ဘာ ၉**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၆ ရက်က နောင်ဘိုကျေးရွာ (ကဿဖ) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။




ဦးစွာ (ကဿဖ) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသန်းဝေက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက လူငယ်များအတွက် အရေးအကြီးဆုံးအချိန်၊ အရေးအကြီးဆုံးသောလူနှင့် အရေးအကြီးဆုံးအလုပ်တို့ကို ရွေးချယ်တတ်စေရေး၊ ဗလငါးတန်ဖွံ့ဖြိုးအောင် စာပေများ ဖတ်ရှုကြရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ ယဉ်ကျေးလိမ္မာရေး၊ အနာဂတ်အတွက် ရည်မှန်းချက်ထားရှိကြရေး၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေတတ်စေရေး၊ အချိန်ကို စီမံခန့်ခွဲတတ်စေရေး စသည့် လူငယ်များဘက်စုံ ဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးဟောပြောရာ ကျောင်းသား ကျောင်းသူများက သိလိုသည်တို့ကို မေးမြန်းခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# အစိမ်းရောင်မြို့တော် ဘားအံမြေဆီ သွားလည်မယ်

ယဉ်လာဒ်၊ ဓာတ်ပုံ-သူရဦး (ဘားအံ)



ရှေးဟောင်းကော့ဂွန်းဂူအတွင်း ဖူးမြော်ရသည့် ဆင်းတုတော်များ။

**ဆောင်း** ဝင်လာပြီဆိုရင် တိမ်မြူခိုးတွေကို မြင်တွေ့ရနိုင်တော့မှာမို့ တောင်ပေါ်ကနေ Sunrise ကြည့်လို့ကောင်းတဲ့ရာသီကို ရောက်ရှိလာပါပြီ။ နံနက်စောစောမှာ တောင်ပေါ်ကနေ Sunrise ကြည့်ရတဲ့ခံစားမှုရသက ဆိုဖွယ်ရာမရှိ အလွန်ကို အေးချမ်းဆိတ်ငြိမ်သာယာလှပါတယ်။ ဘားအံကို ခရီးသွားအချို့ လာရောက်လည်ပတ်ကြတာက တောင်တက်ချင်တဲ့ ရည်ရွယ်ချက်ဖြစ်ပါတယ်။ အများအားဖြင့် ဇွဲကပင်တောင်နဲ့ ကြာအင်းတောင် (ခေါ်) ခုနစ်ဆူတောင် (ခေါ်) ပဲပုတ်တောင်တွေပေါ်ကို အများဆုံး တက်ရောက်လေ့ရှိတာကို တွေ့ရပါတယ်။

ဘားအံမှာ ရှုခင်းလှပြီး တောင်တက်လို့ကောင်းတဲ့ တောင်ငါးတောင် ရှိပါတယ်။ ဇွဲကပင်တောင်၊ တောင်ဝိုင်းတောင်၊ ကြာအင်းတောင်၊ ဖားပုတောင်နဲ့ မိဇံတောင်တို့ ဖြစ်ပါတယ်။ အဲဒီတောင်ငါးလုံးထဲမှာ ခရီးသွားတွေအတွက် တောင်တက်ရတာ သက်သာစေတဲ့ တောင်ကတော့ ကြာအင်းတောင်ဖြစ်ပါတယ်လို့ ခရီးစဉ် လိုက်လံပို့ဆောင်ပေးနေတဲ့ ဒေသခံ ကိုသူရဦးက ဆိုပါတယ်။

ကြာအင်းတောင်ခြေကနေ တောင်ပေါ် ကားပါကင်အထိကို ကားနဲ့ တက်ရောက်လို့ရပါတယ်။ ဒါ့ပြင် တောင်ပေါ် view point အထိကို ရောက်ရှိဖို့ ဆိုရင်တော့ လှေကားထစ် ၄၂၅ ထစ်ကို လမ်းလျှောက်တက်ရမှာ ဖြစ်ပါတယ်။ ကြာအင်းတောင်ပေါ်ကနေ ကြည့်ရတဲ့ မြင်ကွင်းက Sunrise လည်း လှပသလို sunset လည်း လှပပါတယ်။ ပြည်တွင်းခရီးသွားတွေသာမက Landscape ကြိုက်နှစ်သက်တဲ့ ဓာတ်ပုံဆရာတွေလည်း အကြိုက်တွေ့နှစ်သက်စေတဲ့ တောင်တစ်တောင် ဖြစ်ပါသေးတယ်။

“ဘားအံကို အများဆုံး လာရောက်လည်ပတ်ကြတဲ့ ခရီးသွားတွေက ရှုခင်းသာယာလှပတော့ ဓာတ်ပုံရိုက်ကြတယ်။ ဓာတ်ပုံရိုက်ဖို့ရည်ရွယ်ပြီး သွားရင်တော့ ရသေ့ပျံဂူက အသွားအများဆုံးဖြစ်ပါတယ်”လို့ ကိုသူရဦးက ရှင်းပြပါတယ်။

ရသေ့ပျံဂူရဲ့ ဂူအပေါက်ဝနဲ့ ဂူထဲမှာလည်း Photo point တွေ များလှပါတယ်။ ဂူအဆုံးဆိုရင်လည်း ရှုခင်းတွေက တော်တော်လှပါတယ်။ ဒါ့ပြင် ဘားအံရောက်ရင် မဖြစ်မနေလုပ်ကြတာကတော့ လှေစီးတာပဲ ဖြစ်ပါတယ်။ ဘားအံမှာ လှေစီးလို့ရတဲ့နေရာတွေထဲမှာ သဘာဝရေလိုဏ်ဂူလည်း ပါဝင်ပါတယ်။ သဘာဝရေလိုဏ်ဂူထဲ လှေစီးတာကတော့ နိုဝင်ဘာ ၇ ရက်ကနေ လိုဏ်ဂူပြန်ဖွင့်ပြီး လှေစီးခကတော့ တစ်စင်းကို လေးယောက်စီးနိုင်ပြီး ငွေကျပ် ၁၀၀၀၀ ကုန်ကျနိုင်တယ်လို့ သိရပါတယ်။

သဘာဝရေလိုဏ်ဂူသာမက အာလဝံအင်းထဲနဲ့ စပါးဂူထဲကိုလည်း လှေစီးလို့ရနိုင်ပါသေးတယ်။ စပါးဂူကတော့ သံလွင်အနောက်ဘက်ကမ်းက အလှဆုံး



ကရင်ပြည်နယ်၏ အထိမ်းအမှတ် ဇွဲကပင်တောင်အား မြင်တွေ့ရစဉ်။


ဂူတစ်ဂူဖြစ်ပြီး ဂူထဲကိုသွားတဲ့ လှေလမ်းကြောင်းကလည်း လှသလို သဘာဝအလှတွေနဲ့ပြည့်နေပြီး ဂူဝင်လမ်းလေးကလည်း သဘာဝဆန်ပါတယ်။ မိုးရာသီလည်းလှသလို ဆောင်းရာသီမှာလည်း အလှစုံပြီး ကျက်သရေရှိရှိ တင့်တယ်လွန်းပါတယ်။ ဘားအံမြို့ရဲ့ လည်ပတ်စရာနေရာတွေ အားလုံးထဲမှာ သဘာဝအဆန်ဆုံးနဲ့ တိတ်ဆိတ်အေးချမ်းဆုံးနေရာဖြစ်ပါတယ်လို့ ဒေသခံတွေက သတ်မှတ်ထားတဲ့ ခရီးစဉ်နေရာတစ်ခုဆိုလည်း မမှားပါဘူး။

ကရင်ပြည်နယ်ဆိုတာ စေတီပုထိုးတွေ၊ ရေတံခွန်တွေ၊ တောင်တွေအပြင် ရိုးရာယဉ်ကျေးမှုတွေကို အများဆုံး လေ့လာခံစားနိုင်မယ့် ခရီးသွားယဉ်ကျေးမှုမြို့တော် ဘားအံရှိတဲ့ ပြည်နယ် ဖြစ်ပါတယ်။ ယဉ်ကျေးမှုခရီးစဉ်အနေနဲ့ကြည့်မယ်ဆိုရင် ဘားအံမြို့နဲ့ ခုနစ်မိုင်ခန့်အကွာ ကော့ဂွန်းကျေးရွာအနီးမှာတည်ရှိတဲ့ ကော့ဂွန်းဂူကိုလည်း ပြည်တွင်းခရီးသွားတွေ တခုတ်တရ လာရောက်လည်ပတ်ကြပါတယ်။ ခရီးသွားကုမ္ပဏီတွေကလည်း ဘားအံခရီးစဉ်ရောင်းချတဲ့အခါ ကော့ဂွန်းဂူခရီးစဉ်ကိုပါ မဖြစ်မနေထည့်သွင်းရောင်းချကြတဲ့ Culture Tour Site တစ်ခုဖြစ်ပါတယ်။

ကော့ဂွန်းလိုဏ်ဂူက ကရင်ပြည်နယ် ဘားအံမြို့နယ် သံလွင်မြစ်တစ်ဖက်ကမ်း ကော့ဂွန်းကျေးရွာအနီးက ကော့ဂွန်းတောင်ပေါ်မှာရှိတဲ့ ထုံးကျောက်တောင် ထုံးကျောက် သဘာဝလိုဏ်ဂူတစ်ခုဖြစ်သလို တစ်ဖက်ပိတ် ဂူအမျိုးအစားဖြစ်ပါတယ်။ လိုဏ်ဂူအတွင်းနဲ့ မြေပြင်ဘက်ကျောက်သားနံရံတွေမှာ သပ္ပာယ်လှစွာ မွမ်းမံထုဆစ်ထားပြီး များပြားလှတဲ့ ဗုဒ္ဓရုပ်ပွားတော်များတည်ရှိတာရယ် ရှေးဟောင်းကမ္ပည်းစာနဲ့ ရှေးလက်ရာ ရုပ်လုံးရုပ်တုတွေကိုပါ တွေ့ရှိရတာမို့ မြန်မာ့သမိုင်းမှာ တန်ဖိုးကြီးမားလှတဲ့ ရှေးခေတ်လိုဏ်ဂူတစ်ခု ဖြစ်ပါတယ်။

ဘားအံမြို့မှာ သဘာဝတရားက ပေးထားတဲ့ လက်ဆောင်မွန်ကောင်းများစွာရှိသလို လည်ပတ်စရာနေရာတွေက များလှပါတယ်။ ဘားအံကို ဂူတွေနဲ့ပဲ အများဆုံးသိကြတဲ့ မြို့တော်တစ်ခုလို့ မှတ်ထားကြပေမယ့် တကယ်တော့ ဘားအံရဲ့ Destinations တွေက မကုန်နိုင်ပါဘူး။ လေ့လာစရာတွေအပြင် ဘားအံမှာ စွန့်စွန့်စားစားခရီးသွားနိုင်တဲ့ Adventure Activities တွေ ကျန်ရှိပါသေးတယ်။ ဘားအံ Adventure Activities တွေကတော့ Hiking Acti-vities၊ Soft Trekking Activities၊ Cycling Activities၊ Biking Activities၊ Kayaking Activities (Kaw Ka Taung)၊ Mountaineering Activities (Mount-Zwegapin)၊ Birding Activities နဲ့ Photo Activities တွေရှိပြီး သဘာဝအခြေခံခရီးသွားဈေးကွက် Eco Touri-sm ကြီးကို ပိုင်ဆိုင်ထားတဲ့ မြို့တော်တစ်ခုဖြစ်တာမို့ ဘားအံမြို့တော်ဆီ သွားရောက်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ရေးသားဖော်ပြလိုက်ရပါတယ်။ ။

**ကရင်ပြည်နယ်ဆိုတာ စေတီပုထိုးတွေ၊ ရေတံခွန်တွေ၊ တောင်တွေအပြင် ရိုးရာယဉ်ကျေးမှုတွေကို အများဆုံး လေ့လာခံစားနိုင်မယ့် ခရီးသွားယဉ်ကျေးမှုမြို့တော် ဘားအံရှိတဲ့ ပြည်နယ်ဖြစ်ပါတယ်။ ယဉ်ကျေးမှုခရီးစဉ်အနေနဲ့ ကြည့်မယ်ဆိုရင် ဘားအံမြို့နဲ့ ခုနစ်မိုင်ခန့်အကွာ ကော့ဂွန်းကျေးရွာအနီးမှာတည်ရှိတဲ့ ကော့ဂွန်းဂူကိုလည်း ပြည်တွင်းခရီးသွားတွေ တခုတ်တရ လာရောက်လည်ပတ်ကြပါတယ်**



ခရီးသွားများ စိတ်ဝင်စားသည့် တောင်တက်ခရီးစဉ်။

# အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်း ချန်ပီယံဆု ဆွတ်ခူး

ရန်ကုန် နိုဝင်ဘာ ၉

၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ နောက်ဆုံးပွဲစဉ်ကို နိုဝင်ဘာ ၉ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ အား/ကာသိပ္ပံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။

အား/ကာသိပ္ပံ အမျိုးသမီးအသင်းသည် နောက်ဆုံးပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းကို သရေကစားပြီး တစ်ရာသီလုံး ရှုံးပွဲမရှိစံချိန်နှင့်အတူ ချန်ပီယံဆုကို သုံးကြိမ်မြောက် ရယူနိုင်ခဲ့သည်။ အား/ကာသိပ္ပံအသင်းသည် ပြီးခဲ့သည့်ရာသီတွင် ချန်ပီယံဆုလက်လွတ်ခဲ့ရသော်လည်း ယခုရာသီတွင် ချန်ပီယံဆု ပြန်လည်ရယူနိုင်ခြင်းဖြစ်ပြီး ၂၀၁၈–၂၀၁၉ ရာသီ၊ ၂၀၂၂ ရာသီနှင့် ၂၀၂၄ ရာသီတို့တွင် ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အား/ကာသိပ္ပံအသင်းသည် ပထမဆုံးအကြိမ် သုံးကျော့စနစ်ဖြင့် ကျင်းပသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်သည်။

အဆင့်ရပ်တည်မှုများ အဖြေထွက်ပေါ်ပြီးဖြစ်သော်လည်း နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သည်။ ပထမအကျော့နှင့် ဒုတိယအကျော့တွင် အရေးနိမ့်ထားသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ယခုတတိယအကျော့တွင် အကောင်းဆုံးတုံ့ပြန်ခဲ့ပြီး သရေတစ်မှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီမှ အသင်းဖွဲ့စည်းကာ ပြိုင်ပွဲဝင်သော်လည်း ဒုတိယမြောက်ရာသီတွင် အမြင့်ဆုံးရပ်တည်မှုအဖြစ် ဒုတိယနေရာ ရယူနိုင်ခြင်းဖြစ်သည်။




အား/ကာသိပ္ပံနှင့် ရန်ကုန်ယူနိုက်တက်အသင်းပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ သွင်းဂိုးအများဆုံးဆုကို သွင်းဂိုး ၁၉ ဂိုးစီဖြင့် ပူးတွဲရရှိခဲ့သည့် ဧရာဝတီတိုက်စစ်မှူး စန်းသော်သော်နှင့် အား/ကာသိပ္ပံ တိုက်စစ်ကစားသမား လင်းမြင့်မိုရ်တို့ကို ဆုတံဆိပ်နှင့် ဆုကြေးကျပ်ငါးသိန်းစီ၊ တတိယဆုရရှိသည့် ဧရာဝတီအသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၁၀၀၊ ဒုတိယဆုရရှိသည့် ရန်ကုန်ယူနိုက်တက်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၁၅၀၊ ပထမဆုရရှိသည့် အား/ကာသိပ္ပံအသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးကျပ်သိန်း ၂၀၀၊ ချန်ပီယံဆုဖလား၊ တစ်ရာသီလုံးရှုံးပွဲမရှိသည့်အတွက် ရွှေဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ရမှတ် ၄၈ မှတ်ဖြင့် ချန်ပီယံဖြစ်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၄၀ ဖြင့် ဒုတိယ၊ ဧရာဝတီအသင်းက ၂၇ မှတ်ဖြင့် တတိယနေရာ ရရှိသည်။

ရဲရင့်လွင်၊ ဓာတ်ပုံ–MWL


## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၈၅

ဦးကျော်လင်းအောင် နှင့် ဒုတပ်ကြပ်စိန်ဌေး
တရားလို　　တရားပြိုင်

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၁၁၉ x ၁၂၀ လမ်းကြား၊ ၅၈ x ၅၉ လမ်းကြား၊ အကွက်(ညည–၁၅)၊ သင်ပန်းကုန်းရပ်ကွက်နေ ဦးအေးရွှေ၏ သားဖြစ်သူ ဒုတပ်ကြပ် စိန်ဌေး၉/ပသက(နိုင်)၀၁၀၁၀၂ (ယခု နေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးကျော်လင်းအောင်က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ–၁၁)၊ ဦးပိုင်အမှတ်(၁၀၇)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧကရှိ မြေကွက်အား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက် (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၄ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာမှတ် စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သူရစိုးဝင်း)
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး



## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် ၆၊ ဦးပိုင် ၁ ခဲစင်းတောင်ဘက်ခြမ်း/ ၆၃x၆၄ကြား၊ ၁၇x၁၈ကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဖခင် ဦးဘကြူကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၁၁၀၃/၂၀၀၈)ဖြင့် ဒေါ်သောင်းသောင်း၊ ဒေါ်ခင်အေး၊ ဦးခင်မောင်လေး၊ ဒေါ်ခင်လေးကြူတို့ လေးဦးက အမွေဆက်ခံခဲ့ပြီး ဒေါ်ခင်အေးပါ သုံးဦးထံမှ စွန့်လွှတ်စာချုပ်အမှတ် (၁၁၀၅/၂၀၀၈)ဖြင့် ဒေါ်သောင်းသောင်းအား စွန့်လွှတ်ခဲ့ပြီး ဒေါ်သောင်းသောင်းမှ ကိတ္တိမမွေးစားစာချုပ်အမှတ် (၇/၂၀၀၈)ဖြင့် ဒေါ်စန္ဒီမြင့်အား မွေးစားခဲ့ပါသည်။ မွေးစားမိခင် ဒေါ်သောင်းသောင်း (အပျိုဘဝဖြင့်) ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၇၈၇/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် မွေးစားသမီး ဒေါ်စန္ဒီမြင့် ၁၃/လရန(နိုင်)၀၁၄၆၅၃ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၉၄၉/၂၀၂၃ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သိမ့်ရွှေစင်ကျော် ၉/မဟမ(နိုင်) ၀၂၃၄၉၆က မှတ်ပုံတင်စာချုပ်စာတမ်းများ၊ အမည်ပေါက် မြေပုံများတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ


## ဝုဖ်က ဆောက်သမ်တန်ကို ဂိုးပြတ်နိုင်ပွဲရရှိပြီး တန်းဆင်းဇုန် လွတ်မြောက်ရေး မျှော်လင့်ချက်အားကောင်းလာ

ပရီမီယာလိဂ်ပွဲစဉ် (၁၁) မှ ဝုဖ်နှင့် ဆောက်သမ်တန်အသင်းပွဲစဉ်ကို နိုဝင်ဘာ ၉ ရက် ည ၉ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ဝုဖ်အသင်းက နှစ်ဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။

အဆိုပါပွဲစဉ်မှာ တန်းဆင်းဇုန်အသင်း အချင်းချင်းတွေ့ဆုံမှုဖြစ်သည့်အတွက် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့သည်။ ပွဲအစ နှစ်မိနစ်တွင် ကွန်ဟာ၏ဖန်တီးမှုကို ကွင်းလယ်တိုက်စစ်ကစားသမား ဆာရာဘီယာ အဆုံးသတ်သွင်းယူနိုင်ခဲ့သည့်အတွက် ဝုဖ်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ (အောက်ပုံ)

### ချေပဂိုးသွင်းယူသော်လည်း ပယ်ဖျက်

ပွဲချိန် ၁၂ မိနစ်တွင် ဆောက်သမ်တန်အသင်းအတွက် ရှိုင်ယန်မန်းနင်းက ချေပဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ် ပြန်လည်ကြည့်ရှုစစ်ဆေးပြီးနောက် ပယ်ဖျက်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

ပွဲချိန် ၅၁ မိနစ်တွင် လာမီနာ၏ ဖန်တီးမှုကို ကွန်ဟာ အဆုံးသတ်သွင်းယူနိုင်ခဲ့သည့်အတွက် ဝုဖ်အသင်း ဒုတိယဂိုး ရရှိခဲ့သည်။

ရလဒ်များဆိုးရွားနေသည့် ဝုဖ်အသင်းသည် ယခုအနိုင်ပွဲကြောင့် ပထမဆုံးလိဂ်နိုင်ပွဲရရှိကာ တန်းဆင်းဇုန် လွတ်မြောက်ရေးမျှော်လင့်ချက်လည်း အားကောင်းလာခဲ့သည်။

### အခြားပွဲစဉ်ရလဒ်များ

ပရီမီယာလိဂ်ပွဲစဉ် (၁၁) မှ အခြားပွဲစဉ်ရလဒ်များတွင် ဖူလ်ဟမ်က ခရစ္စတယ်ပဲလေ့စ်ကို နှစ်ဂိုး–ဂိုးမရှိ၊ ဘရန့်ဖို့ဒ်က ဘုန်းမောက်ကို သုံးဂိုး – နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဝက်စ်ဟမ်းနှင့် အဲဗာတန်အသင်းပွဲစဉ်မှာ ဂိုးမရှိသရေကျခဲ့သည်။

အောင်ဇော်



ကွင်းလယ်တိုက်စစ်ကစားသမား ဆာရာဘီယာ ဝုဖ်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူစဉ်။

## လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

## ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်မှုများ ဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

(ခ) မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သောပစ္စည်းများကို ခြောက်သွေ့၍မြင့်သောနေရာတွင် ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှုအမြင့်ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

## ကြော်ငြာ


## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဈယ/၁၄၉၈၇ Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဦး ၆/ထဝန(နိုင်)၀၆၄၅၀၀ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနတိုင်းဒေသကြီးဦးစီးမှူးရုံး
(ထားဝယ်)


## ကျေးရွာ သစ်တော၊ ထင်းမျော အိမ်တိုင်၊ လှိုင်လှိုင်ရဖို့ စိုက်ပျိုးစို့

## မြေပြိုခြင်းမဖြစ်ပွားမီ အောက်ပါကြိုတင်မှုများဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်

(က) မိမိပတ်ဝန်းကျင်ရှိ ဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ၊

(ခ) မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ ပါဝင်ပါ၊

(ဂ) ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကို ကျင့်သုံးပါ၊

(ဃ) သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာ လူမှုအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပါ၊

(င) တောင်ကုန်းတောင်စောင်းတွင် နေထိုင်သူများအနေဖြင့် မိမိအိမ်ဝန်းကျင်ရှိ မြေပြိုမှုဘေးအန္တရာယ်ဖြစ်နိုင်ခြေနှင့် အိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပါ၊

(စ) မြေပြိုမှု၊ တောင်ပြိုမှုဖြစ်ပွားလေ့ရှိသောနေရာများကို ကြိုတင် လေ့လာထားပါ။ မြေပြိုမှုဘေးအန္တရာယ် သတိပေးဆိုင်းဘုတ်များ၊ အမှတ်အသားများကို သတိပြုပါ၊

(ဆ) မြေပြိုနိုင်သောနေရာများ (မတ်စောက်သောတောင်စောင်းများ၊ မြေပျော့သောနေရာများ၊ ရေဝပ်သောနေရာများ) တောင်စွယ် ရေစီးရာလမ်းကြောင်း မိုးရေတိုက်စားသော လျှိုအနီးတွင် အဆောက်အအုံဆောက်လုပ်ခြင်း မပြုရ။

(ဇ) မြေပြိုမည့်ရှေ့ပြေးလက္ခဏာများဖြစ်သည့်–

- မိမိတို့၏ နေအိမ်တံခါးများ ဖွင့်ပိတ်ရာတွင် ကျပ်လာခြင်း၊
- အိမ်၏ အုတ်နံရံများ အက်လာခြင်း၊
- ခြံစည်းရိုးများ နေရာရွှေ့လာခြင်း၊
- သစ်ပင်များ နေရာရွှေ့ခြင်း၊ စောင်းလာခြင်း၊
- မြေများ အက်ကွဲခြင်း စသည်တို့ကို သတိပြုမိပါက အမြန်ရွှေ့ပြောင်းရန် လိုအပ်ပါသည်။

(ဈ) မြေပြိုတတ်သော နေရာများတွင် နေထိုင်သူဖြစ်ပါက အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်တို့ကို ကြိုတင်သတ်မှတ်ထားပါ၊

(ည) တောင်စောင်းအနီးပတ်ဝန်းကျင်တွင် နေထိုင်သူများအနေဖြင့် မိမိတို့ဒေသတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်းကြောင့် မြေပြိုခြင်းဖြစ်ပေါ်နိုင်သည်ကို သတိပြုပါ။

## ကြော်ငြာစာ

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၅၊ ဦးပိုင်အမှတ်(၇၅)၊ ၄၉x၅၀လမ်းကြား၊ ၁၁၃-၁၁၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်အောင်၏(SPရရှိသူ ဒေါ်တွမ်ဆောက်မီ) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၃၈၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကျိုးဖုန်ရင် ၁၃/တမည(နိုင်)၀၁၁၃၅၈က အမှုတွဲအမှတ်(၄၇၆၆/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ် (H)၊ ဦးပိုင်အမှတ် (၇၉)၊ ၆၆x၆၇_လမ်း၊ (၁၀၆x၁၀၇) လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရီရီလွင် ၉/မနမ(နိုင်)၀၀၀၃၉၆က အမှုတွဲအမှတ် (၄၇၅၆/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ် တ-၁၀၊ ဦးပိုင်အမှတ် (၃)၊ (၇၃x၇၄)လမ်းကြား၊ ၁၀၂(A)လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေ့ယုံ၏ (SP ရရှိသူ ဦးထွန်းထွန်းစိုး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၁၂၁/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တင်တင် ၉/မနတ(နိုင်)၀၀၈၈၀၀က အမှုတွဲအမှတ် (၄၇၅၇/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဆ ရပ်ကွက်၊ အကွက်အမှတ် ဒဒ-၇၊ ဦးပိုင်အမှတ်(၁)၊ ၁၂၈လမ်းနှင့် ၆၉လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သော မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီ ၎င်း၏ကိုယ်စား အစည်းအဝေးမှတ်တမ်းအရ(ဥက္ကဋ္ဌ ဗိုလ်ကြီး ရဲကိုကိုသန့်(ငြိမ်း) ၉/နထက(နိုင်)၀၉၅၄၀၃က အမှုတွဲအမှတ် (၄၇၇၃/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ် ယ-၈၊ ဦးပိုင်အမှတ်(၄၃)၊ (၁၁၂x၁၁၃)ကြား၊ (၆၅X၆၇)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အုန်းကြည် ၉/မရမ(နိုင်)၀၄၅၈၅၃က အမှုတွဲအမှတ် (၄၇၆၅/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဘိုးဘပိုင်မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

သထုံမြို့၊ လိပ်အင်းရပ်ကွက်၊ အကွက်အမှတ် (၁၁)၊ ရန်ကင်းတန်းအကွက်၊ ဦးပိုင်အမှတ်(၁၆$^{ခ}$)၊ မြေဧရိယာ (၀.၇၈၁)ဧကရှိမြေကွက်အား အရှေ့ဘက်-စမ်းချောင်း+ဦးပိုင်အမှတ်(၁၇$^{ခ}$)၊ အနောက်ဘက်-ဦးပိုင်အမှတ်(၁၆$^{က-၁}$)၊ တောင်ဘက် -မင်းလမ်း၊ မြောက်ဘက်-ဦးပိုင်အမှတ်(၁၇$^{ခ}$)+ဦးပိုင်အမှတ်(၁၆$^{က-၁}$)ရှိမြေကို(ဘိုးဘပိုင်မြေအမည်ပြောင်း)ပေးရန် နန်းမြင့်မြင့်ဝင်းမှ လျှောက်ထားလာသည့်အတွက် နန်းမြင့်မြင့်ဝင်း၏အမည်သို့ ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ(၆)ရက် မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး၊ သထုံမြို့ထံကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက် တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့နယ်ဦးစီးဌာနမှူး၊ သထုံမြို့နယ်မြေစာရင်းဦးစီးဌာန၊ သထုံမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၂)ရပ်ကွက် ပွဲလမ်းနေ ဦးအောင်ထွေး ၈/ပခက(နိုင်)၂၀၄၈၆၉ နှင့် ဒေါ်မြင့်မြင့်နွယ် ၈/ပခက(နိုင်) ၀၆၅၇၃၂တို့၏သား မောင်သာထက် ၈/ပခက(နိုင်)၂၁၉၃၇၅သည် မိဘအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဦးအောင်ထွေး-ဒေါ်မြင့်မြင့်နွယ်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၇၊ ဦးပိုင်အမှတ် (၅၃)၊ ၆၄(A)လမ်း၊ (၁၃၄x၁၃၅)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကိုကိုဦး၊ ဒေါ်သိန်းသိန်းဦးတို့၏ (GP ရရှိသူ ဦးအိုက်ပန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၄၂၅/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ချင်ကြိမ်(ခ)ကြင်ကြင်စိန် ၁/ဗမန(နိုင်)၀၀၁၈၅၂က အမှုတွဲအမှတ် (၄၇၆၀/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် ပပ-၇၊ ဦးပိုင်အမှတ် (၅၂)၊ ၆၄(A)လမ်း၊ (၁၃၄x၁၃၅)လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကိုကိုဦး၊ ဒေါ်သိန်းသိန်းဦးတို့၏ (GP ရရှိသူဦးအိုက်ပန်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၄၂၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ချင်ကြိမ်(ခ)ကြင်ကြင်စိန် ၁/ဗမန(နိုင်) ၀၀၁၈၅၂ က အမှုတွဲအမှတ် (၄၇၆၁/ ၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ က ရပ်ကွက်၊ အကွက်အမှတ် လ-၃၊ ဦးပိုင်အမှတ် ၁(၁၀)၊ ၁၁၄လမ်း၊ ၇၂(B)x၇၃လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကျန်ဟေအင်း(ခ)တင်အေး ၉/မနမ(နိုင်)၁၀၂၃၅၈က အမှုတွဲအမှတ် (၄၇၅၉/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ် ၃၆/ပြည်တော်သာ၊ ဦးပိုင်အမှတ်(၁၇၃-ခ)၊ မြေဧရိယာ(၀.၀၄၅)ဧကရှိမြေကွက်အား မြေငှား ဂရန်(အမည်ပြောင်း၊သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးအောင်ကျော်ဇော ၉/မမန(နိုင်)၁၆၁၄၉၆နှင့် ဒေါ်မြကေသီ ၉/မနမ(နိုင်)၁၂၂၄၁၅တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ် (၃၉၂)၊ မြေပေအကျယ် (၄၀x၆၀)ပေ၊ စတုရန်းပေ(၂၄၀၀)ရှိ ဦးခင်ပြုံး အမည်ပေါက် ပါမစ်မြေကွက်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်နီနီဦး (၅/ကဘလ(နိုင်) ၁၀၈၅၃၆)က အထက်မြေကွက်ကိုမိမိသာ တရားဝင်ပိုင်ဆိုင်ပြီးအရှုပ်အရှင်းကင်းရှင်း၍ မိမိမှလွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အားအပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆုမြတ်သော် (၁၄/ကပန(နိုင်) ၁၈၉၅၄၈)က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနှစ်ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊**
**(၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၉)၊ ပိတောက်ရွှေဝါလမ်းနှင့် ရွှေသဇင်လမ်းထောင့်၊ မြေကွက်အမှတ် (၁၅၉၇)၊ မြေပေအကျယ်(၄၀x၆၀)ပေ၊ စတုရန်းပေ(၂၄၀၀)ရှိ ဒေါ်ရီရီထွေး အမည် ပေါက်နှစ်(၆၀)ဂရန် မြေကွက်ကို အရပ်ကတိစာချုပ်ဖြင့်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်ဝင့်ဟန်နီ (၁၂/သကတ(နိုင်) ၁၄၀၃၉၄)က အထက်မြေကွက်ကို မိမိသာ တရားဝင်ပိုင်ဆိုင်ပြီးအရှုပ်အရှင်းကင်းရှင်း၍ မိမိမှလွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက်ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊**
**(၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ အကွက်အမှတ်(၃၁/၊၇.M.2၊ အထက(၁)ရပ်ကွက်)၊ ဦးပိုင်အမှတ် (၂၄၈- ခ)၊ ဧရိယာ(၀.၃၆၉)ဧကရှိမြေနေရာသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ် D.O. R.P No.၇၃/V/၂၀၂၄အရလည်းကောင်း ၊ အကွက်အမှတ် အမှတ်(၃၁/၇.M.2 ၊ အထက(၁) ရပ်ကွက်)၊ ဦးပိုင်အမှတ် (၂၄၈ - ဃ) ၊ ဧရိယာ(၀.၁၃၇)ဧကရှိမြေနေရာတို့သည်မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ဂရန်အမှုတွဲအမှတ်၊ D.O, R.PNO . ၇၂/ V/၂၀၂၄အရလည်းကောင်း ဒေါ်ငုဝါအောင်အမည်ဖြင့် (၉-၁၁-၂၀၁၄)မှ(၈-၁၁-၂၀၂၄)ရက်အထိ (၁၀)နှစ်မြေငှားဂရန်ခွင့်ပြုရရှိထားပြီး ယခုအခါတွင် ခွင့်ပြုဂရန်သက်တမ်းမှာ ကုန်ဆုံးပြီး ဖြစ်သဖြင့် ဂရန်အမည်ရှင် ဒေါ်ငုဝါအောင်မှ မြေငှားဂရန်သက်တမ်းတိုး လျှောက်ထားနိုင်ရေးအတွက် မြေငှားဂရန် စာချုပ်အပါအဝင် အခြားလိုအပ်သော စာရွက်စာတမ်းများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ယခု ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **အုပ်ချုပ်ရေးမှူး**

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မအူပင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဘိုးတော်ရပ်ကွက်၊ အကွက်အမှတ် ၅၉၇၊ ဦးပိုင်အမှတ် (၂၄၇-က)၊ မြစ်ကြီးနား-မန္တလေး မီးရထားလမ်းအနောက်ဘက်နှင့် မင်္ဂလာလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသီဟချို ၉/ခအဇ(နိုင်)၀၀၈၁၉၇ က အမှုတွဲအမှတ် (၄၇၆၂/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၄၈၊ ဦးပိုင်အမှတ် ၁၅က+၁၆က၊ (၁၉x၂၂)ကြား၊ ၅၈လမ်းxမြို့ပတ်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်စိန် ၉/မနမ(နိုင်)၀၅၉၀၄၅၊ ဦးထွန်းပိုင် ၉/မနမ(နိုင်)၀၅၉၃၈၆၊ ဦးဝင်းကို ၉/မနမ(နိုင်)၀၅၈၉၇၅တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၆၂၁/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်အိအိကျော် ၉/အမဇ(နိုင်)၀၂၄၆၈၃က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါ သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ် ၆၅၅၊ ဦးပိုင်အမှတ် ၇၅၊ ၃၅x၃၆ ကြား၊ ၇၈x၇၉ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးဝင်းမောင် ၁၃/မဆတ(နိုင်)၀၀၁၅၈၀၊ MSE-၀၀၂၁၃၁ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၀၀၂၉/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နာအူ ၁၃/ကတန(နိုင်)၀၆၃၇၀၃က ဘိုးဘ အမည်ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## မြေငှားဂရန်လျှောက်ထားချက်အပေါ် ကန့်ကွက်နိုင်ပါကြောင်း

| စဉ် | လျှောက်ထားသူအမည် | လျှောက်ထားသည့်မြေ၏ | | | | | |
|---|---|---|---|---|---|---|---|
| | | မြို့နယ်/မြို့ | ရပ်/ကျေး | အကွက်အမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ (ဧက) | အကြောင်းအရာ |
| ၁ | ဒေါ်ထက်သီရိအောင် | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | အက်ဖ်-၆၁ | ၀.၀၄၃ | အမည်ပြောင်း |
| ၂ | ဒေါ်နွယ်နီဝင်း | ပုသိမ် | အမှတ်(၁၃) | ၅၂/ကင်မလင်းကျွန်း | အာရ်-၁၈၇ | ၀.၀၅၅ | အသစ် |
| ၃ | ဒေါ်ခင်မာလွင် | ပုသိမ် | အမှတ်(၃) | ၃၃/ကိုးသိန်း | ၃ | ၀.၀၂၆ | အမည်ပြောင်း |
| ၄ | ဒေါ်စန္ဒာခိုင် | ပုသိမ် | အမှတ်(၂) | ၄၈-ဃ၊ ထန်းတပင်သင်္ချိုင်း | ၁၁၃-ခ | ၀.၀၅၅ | ခွဲစိတ်/အမည်ပြောင်း |
| ၅ | တိုင်းရင်းသားစာပေအသင်း | ပုသိမ် | အမှတ်(၁၃) | ၅၂/စက်မှုဇုန် | အန(၅၃၊၅၄၊ ၅၅၊ ၅၉၊ ၆၀) | ၀.၃၃၀ | အသစ် |
| ၆ | ဦးခန့်ကိုကိုပါ(၂)ဦး | ပုသိမ် | အမှတ်(၂) | ၄၇-က/ကရင်စု | ၁၈-ဃ | ၀.၀၇ | အမည်ပြောင်း |

ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြော်ငြာသည့်ရက်မှစ၍(၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤရုံးသို့ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

**ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၉)၊ ဦးပိုင်အမှတ်(၄၃)၊ ဧရိယာ(၀. ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးညို အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပြီး၊ အဆိုပါ အမည်ပေါက်သူ ဦးညို (ဘ) ဦးခဲ (AE-၂၂၉၂၀၈)ထံမှ ဦးနိုင်အောင် (ဘ) ဦးနီ (၁/ရကန(နိုင်)၀၆၄၇၇၂) နှင့် ဒေါ်မာသီ (ဘ) ဦးလှဦး (၅/ရဘန(နိုင်)၁၁၅၆၆၆)တို့မှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။ အဆိုပါ အရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အား ဝယ်ယူသူ အလိုရှိသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထား သည်ဖြစ်၍ (၁၂-၁၁-၂၀၂၄)ရက် နောက်ဆုံးထား၍ ကျွန်ုပ်ထံသို့ဆက်သွယ်၍ အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးညိုနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးနိုင်အောင် (ဘ) ဦးနီ (၁/ရကန(နိုင်)၀၆၄၇၇၂)**
**ဒေါ်မာသီ (ဘ) ဦးလှဦး (၅/ရဘန(နိုင်)၁၁၅၆၆၆)**
**ဖုန်း ၀၉-၄၂၃၄၂၉၉၄၃**
**ကြေညာသူများ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ အမှတ်(၆) ရပ်ကွက်၊ အကွက်အမှတ်(၃၁/၊ ၇.M.2၊ အထက(၁)ရပ်ကွက်)၊ ဦးပိုင်အမှတ် (၂၄၈-က)၊ ဧရိယာ(၀.၃၆၇)ဧကရှိမြေနေရာသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ် D.O.R.P No.၇၁/V/၂၀၂၄အရ ဒေါ်ခင်ရီ အမည်ဖြင့်(၉-၁၁-၂၀၁၄)မှ (၈-၁၁-၂၀၂၄)ရက်အထိ (၁၀)နှစ်မြေငှားဂရန် ခွင့်ပြုရရှိထားပြီး ယခုအခါတွင်ခွင့်ပြုဂရန်သက်တမ်းမှာ ကုန်ဆုံးပြီးဖြစ်သဖြင့် ဂရန်အမည်ရှင် ဒေါ်ခင်ရီမှ မြေငှားဂရန်သက်တမ်းတိုးလျှောက်ထားနိုင်ရေးအတွက် မြေငှားဂရန်စာချုပ်အပါအဝင် အခြားသော အခြားလိုအပ်သော စာရွက်စာတမ်းများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့် ရက်အထိ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်မိတ္တူ ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 80W/3448, LUOJIA 110, M/C အမည်ပေါက်သူ/ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထက်အောင် ၁၄/သပန(နိုင်)၁၂၁၀၅၆ က မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်နှင့် ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/70364, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝမ်းစိုး ၁၄/ပတန(နိုင်)၁၄၇၉၈၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**(မအူပင်မြို့)**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာအမျိုးသားလေကြောင်း
## ကြော်ငြာအမှတ် (၂/၂၀၂၄)
## လေယာဉ်မယ် လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ပြည်တွင်း/ပြည်ပခရီးစဉ်များတွင် တာဝန်ထမ်းဆောင်ရန်အတွက် လေယာဉ်မယ်များ ခန့်အပ်မည်ဖြစ်ပါသဖြင့် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည် -

(က) (၁-၁၁-၂၀၂၄) ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၂၃) နှစ်ထက်မကျော်သူဖြစ်ရမည်။
(ခ) အိမ်ထောင်မပြုရသေးသူ အပျိုဖြစ်ရမည်။ (သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာနှင့် ရဲစခန်းထောက်ခံစာပူးတွဲတင်ပြရမည်)
(ဂ) အနည်းဆုံး တက္ကသိုလ် ပထမနှစ်တက်ရောက်အောင်မြင်ပြီး၊ ဒုတိယ နှစ်တက်ရောက်နေသူဖြစ်ရမည်။ ဒုတိယနှစ်တက်ရောက်နေကြောင်း ထောက်ခံစာပူးတွဲတင်ပြရမည်။
(ဃ) အမျိုးသမီးများအတွက် အရပ်အမောင်း ၅' ၄" အနည်းဆုံးရှိပြီး အရပ်နှင့် လိုက်ဖက်သော ကိုယ်အလေးချိန် (BMI) ရှိရပါမည်။
(င) ကျန်းမာရေး ကောင်းမွန်သူ ဖြစ်ရမည်။ (ကျန်းမာရေး စစ်ဆေးမှုခံယူရမည်။)
(စ) ရေကူးတတ်ရမည်။ (လက်တွေ့စစ်ဆေးမှုရှိမည်။)
(ဆ) အင်္ဂလိပ်စာ (ရေး၊ ဖတ်၊ ပြောဆိုနိုင်ရမည်။) စစ်ဆေးမှုရှိမည်။ အခြား နိုင်ငံခြားဘာသာ စကားများပါ ကျွမ်းကျင်သူကိုဦးစားပေးမည်။)
(ဇ) ပေါင်းသင်းဆက်ဆံရေး ပြေပြစ်သူဖြစ်ရမည်။
(ဈ) ပါဝါမျက်မှန်တပ်ဆင်ထားသူ မဖြစ်ရပါ။ စစ်ဆေးမှုရှိမည်။
(ည) Passport သက်တမ်းရှိသူများအား ဦးစားပေးမည်။
(ဋ) ရွေးချယ်ခြင်းခံရပါက မြန်မာအမျိုးသားလေကြောင်း၏ဆေးစစ်ဆေးမှုအောင်မြင်မှသာ ခန့်အပ်ခြင်း ခံရမည်ဖြစ်ပါသည်။ လေယာဉ်မယ် ရာထူး၌ အနည်းဆုံး (၅) နှစ်စာချုပ်ချုပ်ဆို၍ တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

